# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ – ၃၆၀)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် အင်္ဂါနေ့။ Tuesday, 29 September 2026 ၁၂၃၁၆




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

### မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆို တစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း နှစ်ခု အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✦

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသော ဘယ်ဘက် လက်ညှိုးအား ပြန်ဆက်သည့် ခွဲစိတ်ကုသမှု အောင်မြင်

နေပြည်တော် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် နေထိုင်သော အသက်(၂၃)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အထည်ချုပ်စက်ရုံ၌ အထည်ဖြတ်စက်ဖြင့် ထိခိုက်မှုကြောင့် ဘယ်ဘက်လက်ညှိုး ပြတ်တောက်သွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာခဲ့ရာ တာဝန်ကျ အရိုးအထူးကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကနဦးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဘယ်ဘက်လက်ညှိုး ပြန်ဆက်သည့် ခွဲစိတ်ကုသမှု (Replantation Surgery)ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ခွဲစိတ်ခန်း၌ အဆိုပါနေ့ ည ၈ နာရီခွဲတွင် စတင်ခွဲစိတ်မှုပြုလုပ်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီတွင် ခွဲစိတ်ကုသမှုအောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ပြတ်တောက်သွားသော ဘယ်ဘက်လက်ညှိုးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးစဉ်။



## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှု ဖြစ်ပွားခဲ့ပြီး ထားဝယ်မြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်သည့် ကညွှံရပ်ကွက်နှင့် ဘုံမော်ရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

**တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံ၍ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိ**

စာမျက်နှာ » ၁၆

## အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်




၂၈-၉-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၂၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြ မြေပုံ။

နေပြည်တော် စက်တင်ဘာ ၂၈

**အားကောင်းသောမုန်တိုင်းငယ် အခြေအနေ**

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ စစ်တောင်းမြစ်ဝအနီး မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကျိုက်ထိုမြို့အနီးမှ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ သုံးခွမြို့၏ အရှေ့မြောက်ဘက် မိုင် ၅၀ ခန့်၊ ပဲခူးမြို့၏ အရှေ့ဘက် ၃၅ မိုင်ခန့်နှင့် ဖြူးမြို့၏ တောင်-အရှေ့တောင်ဘက် ၈၅ မိုင်ခန့် အကွာကို ဗဟိုပြုနေသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ■

ကြေးမုံ

# ပြည့်စုံသည့်ပညာရပ်ဝန်းများဖန်တီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတည်ဆောက်

ပညာရှာဖွေဆည်းပူးရာ၌ ခေတ်မီတိုးတက်ပြီး စနစ်ကျနကောင်းမွန်သည့် ပညာရပ်များကို သင်ကြားလေ့လာနိုင်ရန်လိုအပ်သကဲ့သို့ ပညာဆည်းပူးသူများအနေဖြင့် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် ပညာရပ်များကို သင်ယူနိုင်သည့်အခွင့်အလမ်းများရှိရန်လိုအပ်သည်။ တစ်ချိန်သောကာလက မြန်မာနိုင်ငံ၏အဆင့်မြင့်ပညာကဏ္ဍ၌ သင်ယူမှု၊ သင်ကြားမှုနှင့် ပညာရပ်ဝန်း ဝန်းကျင်များသည် စံနမူနာပြအခြေအနေအရပ်ရပ်ရှိခဲ့သဖြင့် ဒေသတွင်းနိုင်ငံများကြား၌ မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးသည် တန်းဝင်ဂုဏ်မြောက်အခြေအနေများရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပြန်လည်အဆင့်မြင့်မားလာစေရန်အတွက် နိုင်ငံတော်အစိုးရက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို မျက်ခြည်မပြတ် တစိုက်မတ်မတ် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးကဏ္ဍတွင် သင်ကြားမှု၊ သင်ယူမှုကဏ္ဍတွင်သာမက ပညာရပ်ဝန်းနှင့် ကျောင်းဥပဓိရုပ်အင်္ဂါရပ်များကိုပါ အဆင့်အတန်းမြင့်မားလာအောင် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ၏အနာဂတ်သည် ပညာရေးကဏ္ဍအပေါ်တွင် အခြေခံသဖြင့် နိုင်ငံတော်အကြီးအကဲက ပညာရေးကဏ္ဍမြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် မကြာခဏ ကွင်းဆင်းလမ်းညွှန် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး "ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း" မှာကြားခဲ့သည်။

ပညာရေးကဏ္ဍတွင် တက္ကသိုလ်များအလိုက် ဘာသာရပ်များအလိုက် တက်ရောက်ကြသည့် ကျောင်းသားဦးရေအချိုး၊ သင်ကြားသင်ယူမှုအခြေခံအဆောက်အအုံနှင့် သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များ စုပေါင်းသင်ကြားခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်လျက်ရှိသည်။ သင်ကြားရေး၊ သင်ယူရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများတည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ကျောင်းသား ကျောင်းသူများ နှလုံးမွေ့လျော်ဖွယ်ကောင်းပြီး စိတ်ရွှင်လန်းဆန်းတက်ကြွစွာ ပညာသင်ကြားဆည်းပူးခဲ့ရသော အဆောက်အအုံများစွာရှိခဲ့သည်။ အဆိုပါအဆောက်အအုံများတွင် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁)ရန်ကုန်ဝင်းအတွင်းရှိ ရှေးယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အအုံကို မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်တည်ဆောက်နေသည်။ ယခင်က အထင်ကရအဆောက်အအုံတစ်ခုအဖြစ် ကျော်ကြားတည်ရှိခဲ့သည့် လိပ်ခုံးပုံသစ်သားခန်းမကြီးကို ဗြိတိသျှဗိသုကာပညာရှင် Ragian Squire က ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၉၅၄-၁၉၅၆ ခုနှစ်များတွင် ရန်ကုန်စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လိပ်ခုံးပုံသစ်သားခန်းမကြီးကို ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် မိုးရေစားမှုနှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံယိုယွင်းလာခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ် ကြီးမားခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်မည့် လိပ်ခုံးပုံအဆောက်အအုံသည် အသွားအလာများပြားသည့် လမ်းမကြီးဘေးတွင်ရှိသောကြောင့် အသံထိန်းစနစ်ဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်ထားသည်ဟု သိရသည်။

ယခုအခါ တက္ကသိုလ်အင်္ဂါရပ်များနှင့်အညီဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေး၊ အသစ်တည်ဆောက်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ သွားလာမှုလွယ်ကူစေရေး၊ စိတ်ချမ်းမြေ့ဖွယ်ကောင်းသည့် ကျောင်းပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖော်ဆောင်ပေးရေးစသည်တို့အပြင် အဆင့်မြင့်တက္ကသိုလ်များ၏ လိုအပ်သောဘာသာရပ်များအလိုက် သင်ကြားပေးနိုင်ရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ထိုသို့ နိုင်ငံတော်အစိုးရက ရင်းနှီးမြှုပ်နှံ မြှင့်တင်ဆောင်ရွက်ပေးနေသည့် ပညာအခွင့်အလမ်းကောင်းများကို ထိရောက်စွာအသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆(မန္တလေး)၊ ၂၅/၂၀၂၆(မွန်)၊ ၂၆/၂၀၂၆ (ရှမ်း)နှင့် ၃၀/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှုလေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်)၊ ၃၂/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုသုံးမှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၂၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅ ~ ၃၆၆၅.၈ | ၅၅၇ ~ ၅၅၇.၆ | ၁၂၅.၅ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၉၈၁,၉၀၉.၄၁ | ၅,၁၉၂,၉၄၀.၂၀ | ၂၆,၄၈၄,၂၄၆.၆၆ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၆၄၉ | ၁၂,၀၀၆,၅၀၀ |
| MTSH | ၈,၆၀၀ | ၈,၆၀၀ | ၆၅၀ | ၅,၅၉၀,၀၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၀ | ၀ |
| FPB | ၇,၂၀၀ | ၇,၂၀၀ | ၁၄၉ | ၁,၀၇၂,၈၀၀ |
| TMH | ၃,၆၀၀ | ၃,၃၀၀ | ၂၆၆ | ၈၇၈,၁၀၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၄,၁၅၂ | ၇,၂၉၂,၁၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၂၆ | ၁၁၇,၀၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၁၅၅ | ၁,၀၂၃,၀၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၅,၆၀၀ | ၅၀ | ၃၁၁,၅၀၀ |
| ASPGB(PLB) | ၆,၀၀၀ | ၆,၀၀၀ | ၃,၅၉၀ | ၂၁,၅၄၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့အရ ဦးငွေအောင်အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✦ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ကျောင်းမနေနိုင်သည့်ကလေးများ အခြေခံပညာအဆင့် ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ ဘေးတွဲသုံးဘီးယာဉ်ငယ်များ ရောင်းချပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးရေး၊ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရေးနှင့် ဝန်ထမ်းများခန့်ထားပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ငွေ၏ **ကျောင်းမနေနိုင်သည့် ကလေးများ စာရင်းကောက်ယူပြီး အခြေခံပညာအဆင့် ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အကြောင်း အမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများစာရင်းအား ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် မြို့နယ်ပညာရေးမှူးများကပေါင်းစပ်၍ စာရင်းကောက်ယူ ပြုစုထားရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သည့် ကလေးများ၊ ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးများအတွက် အသက်အရွယ်အရ တက်ရောက်ရမည့် အတန်းသတ်မှတ်ချက်ဖြင့် Placement Test (အထူးအစီအစဉ်)ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အသက်(၁၅ နှစ် ၃ လ)အတွင်း ကျောင်းသား ၁၄၄၃၈၄ ဦးကို အခြေခံပညာကျောင်းများသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ ရောက်ရှိနေသော သက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပပညာရေး Placement Test ဖြေဆိုခွင့်အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးတို့၏ မူလအသက် သတ်မှတ်ချက်အား ဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အရေးပေါ်အခြေအနေ ကြေညာထားသည့်ဒေသများမှ ကလေးများဖြစ်ပါက ပညာရေးဆိုင်ရာ အထောက်အထားများ မပြည့်စုံနိုင်သည့်အခြေအနေများ ရှိနိုင်သဖြင့် ၎င်းဒေသတွင်နေထိုင်ခဲ့ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ အဆိုပါဒေသရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ ပညာရေးဆိုင်ရာ ထောက်ခံချက်နှင့် ကျန်းမာရေးမှူး၏ အသက် ထောက်ခံချက်များဖြင့် စိစစ်ပြီး Placement Test ဖြေဆိုခွင့် ပြုစေလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အခြေခံပညာဦးစီးဌာနမှ (အသက် ၁၅ နှစ် ၃ လ) အထိရှိသည့် ကျောင်းနေအရွယ်ကလေးများအတွက် Placement Test (အထူးအစီအစဉ်)ဖြင့် အသက်နှင့် အတန်းချိန်ညှိ၍ ပညာသင်ယူခွင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် (အသက် ၁၅ နှစ် ၃ လ)အထက် ကလေးလူငယ်များအတွက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တန်းညှိပညာရေး အစီအစဉ်များမှ တစ်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးကို စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် ကျောင်းပြင်ပရောက်နေသော ကလေးသူငယ်များအား ကျောင်းပြင်ပတန်းညှိ ပညာရေး အစီအစဉ်များဖြင့် အခြေခံပညာအဆင့်ပြီးမြောက်စေရေး မူဝါဒများချမှတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရန်ကင်း မဲဆန္ဒနယ်မှ ဦးတင်မိုးအောင်(ခ) နေရှိုင်း၏ **လိုင်စင်မဲ့မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်များနှင့် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သောမော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရာတွင် ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင် လျှောက်ထားရာ၌ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (သို့မဟုတ်) Release Order Notification၊ အကောက်ခွန် ဖော်ပြချက်ကိုလည်းကောင်း၊ ပြည်တွင်း၌ CKD/SKD စနစ်ဖြင့် ထုတ်လုပ်သည့်မော်တော်ယဉ်များ ကနဦးမှတ်ပုံတင် လျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသောသက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ခွင့်ပြုစာ Quality Certificate ကို ကုမ္ပဏီမှလက်မှတ်ရေးထိုးထားခြင်း Vehicle Identification Number (VIN Plate)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မော်တော်ယာဉ်အမျိုးအစားအလိုက် ထုတ်လုပ်ခွင့်ပြုချက်၊ Certificate of Approval သို့မဟုတ် Inspection Certificate စသည့် စာရွက်စာတမ်းအထောက်အထားများတင်ပြမှသာ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အထောက်အထားများပါရှိသည့် မော်တော်ယာဉ်များကိုသာ မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ယခင်က မော်တော်ယာဉ် ၆၂၂၆ စီးကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း တရားမဝင်ဝင်ရောက်မှုများ လျော့နည်းသွားခြင်း မရှိသည့်အတွက် တရားမဝင် ရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ယာဉ်များကို ဒဏ်ကြေးနှင့် အခွန်အခများ ပေးဆောင်စေကာ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **စက်တပ်ဆိုင်ကယ်များကို စနစ်တကျကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်က တစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များ ရောင်းချပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် မောင်းနှင် အသုံးပြုနေသော တရားမဝင် ဘေးတွဲမော်တော်ဆိုင်ကယ်များသည် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစမ်းသပ်ထုတ်လုပ်ထားသော စက်ရုံထုတ်ယာဉ်မဟုတ်ဘဲ ဒေသန္တရအလုပ်ရုံ (Workshop)များတွင် မိမိသဘောဆန္ဒအလျောက် ပြုပြင်ထားခြင်းများဖြစ်သောကြောင့် Road Safety အရ မောင်းနှင်သူ အပါအဝင် လိုက်ပါစီးနင်းသူ ခရီးသွားပြည်သူများ၊ အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အသုံးပြုနေသောလမ်းအသုံးပြုသူများအား အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ တရားမဝင်ဘေးတွဲများ အသုံးပြုခြင်းအား ခွင့်ပြု၍မရပါကြောင်း၊ ခေတ္တမောင်းနှင်ခွင့် (ယာယီ) လိုင်စင်ထုတ်ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ဘေးတွဲကို ပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်က တစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များကို ရောင်းချပေးနိုင်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ပေါ် TR(18)လုံးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မွန်ပြည်နယ် ချောင်းနှစ်ခွကျေးရွာ၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်မိုင်ခန့် ထိခိုက် ပျက်စီးခဲ့မှုကြောင့် ချောင်းနှစ်ခွကျေးရွာ အပါအဝင် ကြာအင်းဆိပ်ကြီးမြို့ပေါ် ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ ဓာတ်အား ပြတ်တောက်ခဲ့ပြီး တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ၏ ပျက်စီးမှုများအား နယ်မြေလုံခြုံရေးအခြေအနေအရ ယနေ့အချိန်ထိ စစ်ဆေးနိုင်ခြင်းမရှိသေးပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းအား ပြုပြင်ခြင်းနှင့် ကရင်ပြည်နယ်ဘက်ခြမ်းရှိ ၁၁ ကေဗွီဓာတ်အားလိုင်း ၁၇ မိုင်၊ ကြာအင်းဆိပ်ကြီး မြို့ပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း ငါးမိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား ဒေသလုံခြုံရေးအပေါ်မူတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးမှသာ ကြာအင်းဆိပ်ကြီးမြို့သို့ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်ကျွန်း မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၏ **မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV) တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဖျာပုံ၊ ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များ ဗို့အားတိုးတက်ကောင်းမွန်ပြီး ဓာတ်အားပိုမိုပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ၃၃ ကေဗွီ ဓာတ်အားစနစ်မှ ၆၆ ကေဗွီ ဓာတ်အားစနစ်သို့ တိုးမြှင့်ရန် ၆၆ ကေဗွီ ကျိုက်လတ်-ဖျာပုံ ဓာတ်အားလိုင်း ၁၄ ဒသမ ၆ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဖျာပုံဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၆၆ ကေဗွီ ဖျာပုံ-ဘိုကလေး ဓာတ်အားလိုင်း ၂၁ ဒသမ ၄ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၂x၁၀ အမ်ဗွီအေဘိုကလေး ဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဘိုကလေးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ရရှိပြီးပါက ၆၆ ကေဗွီ ဘိုကလေး-မော်လမြိုင်ကျွန်း ဓာတ်အားလိုင်း ၁၈ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မော်လမြိုင်ကျွန်း ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ဆက်လက် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ကချင်ပြည်နယ် ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းအား မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်း

စာမျက်နှာ ၄ သို့ ✦

✦ စာမျက်နှာ ၃ မှ

မြို့နယ်တွင် လျှပ်စစ်မီးအပြည့်အဝရရှိရေးအတွက် နောင်မွန်းမြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ကဆန်ချောင်းမှ အသေးစားရေအားလျှပ်စစ် ထုတ်ယူနိုင်ရန် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ပဏာမစူးစမ်းတိုင်းတာရေးအဖွဲ့က အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ရေဆင်းဧရိယာ ၁၄၅ စတုရန်းကီလိုမီတာရှိပြီး စက်တပ်ဆင်အင်အား ၁၈၀၀ ကီလိုဝပ်မှ ၂၀၀၀ ကီလိုဝပ်အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မွန်းမြို့နယ်၏ ဓာတ်အားလိုအပ်ချက်မှာ ၇၀၀ ကီလိုဝပ် ဖြစ်ပါသဖြင့် ကဆန်ချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နိုင်ပါက နောင်မွန်းမြို့နယ်မှာ ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိမည် ဖြစ်ပါကြောင်း။

နယ်မြေလုံခြုံရေး အခြေအနေအရ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန် အခက်အခဲရှိခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များ မရှိသေးခြင်းကြောင့် ကဆန်ချောင်း အသေးစားရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းအား လတ်တလော တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံလိုသည့် ဒေသခံပုဂ္ဂလိက လုပ်ငန်းရှင်များမှ လျှောက်ထားလာပါက အသေးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်းဖြစ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးကျော်ကျော်ဦး၏ **ထန်းတပင်မြို့ ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင်ဖီဒါလိုင်း အတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီးနှင့် သီရိဟေမာရပ်ကွက်အတွင်းရှိ ရှည်လျားဆားဗစ်များအား ၄၀၀ ဗို့လိုင်းခန်းတို တပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ထန်းတပင်မြို့ပေါ်ရှိ ဆိပ်ကြီးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ ကေဗွီ ထန်းတပင်(မြို့တွင်း) ဓာတ်အားလိုင်းသို့ ပြောင်းလဲချိတ်ဆက်နိုင်ရန်အတွက် ဆိပ်ကြီးရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၄၉၀၀ နှင့် အောင်မင်္ဂလာရပ်ကွက်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၂၇၀၀ တည်ဆောက်ခြင်းနှင့် ရှည်လျားဆားဗစ်ကြိုးများအတွက် ဆိပ်ကြီးရပ်ကွက်တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၇၀၀ နှင့် သီရိဟေမာရပ်ကွက်တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၁၀၀ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည် ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်း မဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာအား အစောဆုံးဘဏ္ဍာရေးနှစ်တွင်ထည့်သွင်းပြီး ဆက်လက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သာပေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းအား Ample Power ကုမ္ပဏီမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်မြင်ခဲ့ပြီး အဆိုပါဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးခဲ့ပါသဖြင့် ကျပ်သန်း ၅၂၇ ဒသမ ၁၀၁ အား ပေးချေခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော လုပ်ငန်းတစ်ခုလုံး၏ စတုတ္ထအရစ်ဖြစ်သည့် ၂၅ ရာခိုင်နှုန်းအား ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီး စတုတ္ထအရစ်အတွက် ၁၈ ရာခိုင်နှုန်းသာ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျပ်သန်း ၁၃၃ ဒသမ ၁၄ အား ပေးချေခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် စတုတ္ထအရစ်၏ ခုနစ်ရာခိုင်နှုန်းအတွက် ကျန်ရှိသော ခွင့်ပြုငွေ ကျပ်သန်း ၄၂ ဒသမ ၅၆၁ အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ထပ်မံခွဲဝေချထားခဲ့ရာ Ample Power ကုမ္ပဏီမှ ဆောင်ရွက်ရန်အတွက် နောက်ဆက်တွဲစာချုပ်အား ၂၀၂၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သော်လည်း လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါကြောင်း။

သို့ဖြစ်၍ Ample Power ကုမ္ပဏီအား ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တရားစွဲဆိုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းအပြီးသတ်ဆောင်ရွက်ရန် ကျန်ရှိသည့်ဘဏ္ဍာငွေအား အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေတာရှည် မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **ရေတာရှည်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကုဆရာဝန်ကြီးများ ပါဝင်သော စံကိုက်ခုတင်(၅၀) ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ်တွင် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ မြို့လှတိုက်နယ်ဆေးရုံနှင့် ရေနီတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံလေးရုံ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ရေတာရှည်မြို့နယ်ဆေးရုံသည် တောင်ငူပြည်သူ့ဆေးရုံကြီးနှင့် ၁၇ မိုင်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် မိုင် ၆၀ ခန့် ကွာဝေးပါကြောင်း၊ ရေတာရှည်မြို့နယ် ဆေးရုံ၏ သုံးနှစ်စာ ပျမ်းမျှခြင်းအနေဖြင့် တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၁ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးချမှုရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်းသာရှိ၍ လတ်တလောတွင် ခုတင်(၅၀)ဆေးရုံအဖြစ် တိုးမြှင့်ရန် မလိုအပ်သေးပါကြောင်း၊ နောင်တွင် ခုတင်အသုံးပြုမှုရာခိုင်နှုန်း တိုးလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီး မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ဖလုံဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စုတွင် ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၆၉၈ အိမ်နှင့် လူဦးရေ ၇၄၆၈ ဦး ရှိပါကြောင်း၊ ဖလုံဘူတာကျေးလက်ကျန်းမာရေးဌာနခွဲသည် ကံကုန်းကျေးလက်ကျန်းမာရေး ဌာနအောက်တွင်ရှိပြီး ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၂၅၆၀ နှင့် လူဦးရေ ၁၀၅၅၀ ကို သားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေးမှူး(၄)တစ်ဦးတို့မှ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ထိုကျေးရွာများအနက် ဖလုံဘူတာကျေးရွာမှ (၁၀)မိုင်ခန့် ကွာဝေးသော ကင်းမထီး (အထက်)၊ ကင်းမထီး (အလယ်)၊ ကင်းမထီး(အောက်) ကျေးရွာများသည် မိုးရာသီတွင် လမ်းခရီးကြမ်းတမ်းကာ သွားလာရန်ခက်ခဲသောကျေးရွာများ ဖြစ်ပါကြောင်း။

ဖလုံဘူတာကျေးရွာသည် ဗဟိုအချက်အချာကျပြီး ဥက္ကံတိုက်နယ်ဆေးရုံနှင့် ၈ မိုင်ခန့်၊ တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၅ မိုင်ခန့်ကွာဝေးပြီး လူနာထပ်ဆင့်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု အားကောင်းပါကြောင်း။

ဖလုံဘူတာ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာန ဆောက်လုပ်ရန်အတွက် ပေ ၁၅၀ ပတ်လည် မြေနေရာအား ကျေးလက် ကျန်းမာရေးဌာန အမည်ပေါက် ပုံစံ(၁၀၅-၁၀၆) ရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ အခြေခံမှုအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက် (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆)ရှိရမည်ဖြစ်ရာ အဆိုပါမြေယာပိုင်ဆိုင်မှုရရှိပါက ဖလုံဘူတာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မှော်ဘီ မဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကြိုးပစ်ကျေးရွာအုပ်စု လယ်ပြင်စုကျေးရွာတွင် ကျီးပင်ဆိပ် ကွင်းအမှတ် (၂၇၅-က) ဦးပိုင်အမှတ် N-3၊ ဧရိယာ သုည ဒသမ ၃၄ ဧက ရှိ မြေလွတ်မြေရိုင်း အနက်မှ (အလျား ပေ ၂၀၀ x အနံ ၅၀) သုည ဒသမ ၂၃ ဧကအား ရယူ၍ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံအား ဆောက်လုပ်ရန်လျာထားပါကြောင်း၊ အခြေခံမှုအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင်အဖြစ် ဂရန်အမည်ပေါက် (သို့မဟုတ်) အနိမ့်ဆုံးအနေဖြင့် ပုံစံ(၁၀၅-၁၀၆) ရှိရမည်ဖြစ်ရာ မြေစာရင်းဦးစီးဌာနမှ တစ်ဆင့် ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြလျှောက်ထားပြီး ပုံစံ(၁၀၅-၁၀၆)ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ပြီး အဆိုပါမြေယာပိုင်ဆိုင်မှု ရရှိပါက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွင့်လှစ်နိုင်ရန် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ် မဲဆန္ဒနယ်မှ ဦးစိုင်းအောင်ညွန့်၏ **မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံခန့်ထား ဖြည့်ဆည်းပေးရန်မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် မန်မုံ တိုက်နယ်ဆေးရုံတွင် ဆေးဘက်ကျွမ်းကျင်(၄) (ဓာတ်ခွဲ) တစ်ဦးအပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အထက်တန်းသူနာပြု တစ်ဦးနှင့် သူနာပြု နှစ်ဦးတို့ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၄ ရက်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ပြည့်ဖြိုးအောင်က တာဝန်ယူကုသပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန၏ ၁၈-၉-၂၀၂၆ ရက်စွဲပါစာဖြင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲနိုင်ဦးသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့မှစ၍ မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင်နေပြီ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်းက **"မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျှော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သော ဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရာ ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

❖ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ

အဆိုပါခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာခွဲစိတ်ဆရာဝန်များအဖွဲ့၊ မေ့ဆေးအထူးကုဆရာဝန်များအဖွဲ့၊ ကျွမ်းကျင်သူနာပြုကြီး/ သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများမှ အထောက်အကူပြုဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင်ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလူနာ၏ ပြန်ဆက်ထားသောဘယ်ဘက်လက်ညှိုးမှာ မူလအတိုင်း ကောင်းစွာလှုပ်ရှားနိုင်ပြီဖြစ်သဖြင့် ခွဲစိတ်ပြီး ၂၉ ရက်မြောက် စက်တင်ဘာ ၉ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး လိုအပ်သောလေ့ကျင့်ခန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက်ခွဲစိတ်သူတစ်ဦးနှင့် လက်မပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်ခွဲစိတ်သူတစ်ဦး၊ ၂၀၂၅ ခုနှစ်တွင် လက်ဖဝါးနှင့် လက်မပြန်ဆက်ခွဲစိတ်သူနှစ်ဦး၊ ၂၀၂၆ ခုနှစ်တွင် ယခုအချိန်ထိ လက်ညှိုးပြန်ဆက်ခွဲစိတ်သူတစ်ဦး စုစုပေါင်းခုနစ်ဦးအား ပြန်ဆက်ခွဲစိတ်ကုသမှု (Replantation Surgery) ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အထည်ဖြစ်စက်ဖြင့် မတော်တဆထိခိုက်မှုကြောင့် အသက်(၂၃)နှစ်အရွယ် အမျိုးသမီး၏ လက်ပြတ်တောက်သွားသည့် အနေအထားကို တွေ့ရစဉ်။(၁၁-၈-၂၀၂၆)



ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဘယ်ဘက်လက်ညှိုး ပြန်ဆက်သည့် ခွဲစိတ်ကုသမှုအပြီး ၂၉ ရက်မြောက်နေ့ လက်အနေအထားကို တွေ့ရစဉ်။



✢ ကျောဖုံးမှ
အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ကျေးရွာအများစု ဆက်သွယ်သွားလာသည့် ဗထူး-မုံပြင်လမ်း ၁၈ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မုံပြင် – ရေဖြူလမ်း (၁)မိုင်ကို မြေသားအမာခံ ကျောက်ခင်းလမ်း အဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လမ်းအရှည် ၁၉ မိုင်အနက် ဗထူးလမ်းခွဲမှ ရေဖြူရွာအထိ လမ်းအရှည် ၁၅ မိုင် ၂ ဖာလုံသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းပိုင်းတွင်ပါဝင်ပြီး ကျန်လမ်းပိုင်း လမ်းအရှည် ၃ မိုင် ၆ ဖာလုံခန့်သည် လတ်တလောလမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် အတွက် လမ်းသိမ်းသွင်းခြင်း လုပ်ငန်းစဉ်ကို ဦးစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဗထူးလမ်းခွဲမှ ရေဖြူရွာအထိလမ်းပိုင်း အရှည် ၁၅ မိုင် ၂ ဖာလုံအနက်မှ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသော မြေလမ်း ၂ မိုင် ၄ ဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထား သွားမည်ဖြစ်ပြီး ကျောက်ခင်းလမ်း အပိုင်းများအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ နှစ်အလိုက် လျာထားသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် အောင်ပန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးတို့ အတွက် အောင်ပန်းမြို့တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်လိုသည့် အဆိုပြုလမ်းအပိုင်းသည် မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်းနှင့် ဆက်စပ်နေပြီး ကလောခရိုင် ကလောမြို့နယ်အပိုင်းတွင် ပါဝင်ပါကြောင်း၊ B.O.T စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံ ခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။

အောင်ပန်းမြို့ရှောင်လမ်းအား လယ်ယာမြေထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှု ဆောင်ရွက်ပြီးပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အမှတ် (၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်းကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း ၁၃ မိုင်ရှိပြီး ၎င်း ၁၃ မိုင်တွင် ကွန်ကရစ်လမ်း ၂ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၈ မိုင် ၁ ဖာလုံနှင့် မြေသားလမ်း (လမ်းမဖောက်ရသေး) ၂ မိုင်ရှိပြီး ကွန်ကရစ်ခင်းရန် ကျန်ရှိသောအပိုင်းအား ကွန်ကရစ် ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် မိုင်းခွန်း ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းပိုင်း ၁၃ မိုင်တွင် ကွန်ကရစ်ခင်းရန် ကျန်ရှိသော ၁၀ မိုင် ၁ ဖာလုံအား ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းအပိုင်း၏ မိုင်တိုင် ၁၁/၀ မှ ၁၁/၆ အတွင်း ၆ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်းလုပ်ငန်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၈ –၂၀၂၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြေသားလမ်းအပိုင်း၏ ကျန်ရှိနေသော ၁ မိုင် ၂ ဖာလုံအား ပြန်လည်ပြုပြင်ဖောက်လုပ်ခြင်းနှင့် အမာခံလမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး အမာခံလမ်းများအဖြစ် ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ရန်ပုံငွေ ဆက်လက် လျာထားသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **၂၀၂၆ ခုနှစ် ပြည်ထောင်စု အခွန်ဥပဒေပါ ရည်ရွယ်ချက်များနှင့် အညီ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ စနစ်တကျ စုဆောင်းရရှိရေး၊ ဒေသအတွင်းရှိ စီးပွားရေး လုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် ခရိုင်အဆင့်ဒေသအဖြစ် အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်လာစေရေးတို့အတွက် တနိုင်းမြို့နယ်တွင် အခွန်ဦးစီးဌာနရုံး တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တနိုင်းမြို့နယ်သည် ကချင်ပြည်နယ်ရှိ (၈) အဆင့် မြို့နယ်တစ်ခုဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအရ မြို့နယ်ရုံးဖွင့်လှစ်ထားခြင်း မရှိသေးသော်လည်း မြို့နယ်ရုံးတွင် အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ယူပြီး တနိုင်းမြို့သို့ သုံးလတစ်ကြိမ် သွားရောက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တနိုင်းမြို့နယ်၏အခွန်စည်းကြပ်ထိုက်သော ပုဂ္ဂိုလ်တို့ အခြေအနေအရ တနိုင်းမြို့နယ်၌ မြို့နယ်အခွန်ဦးစီးမှူးရုံးဖွင့်လှစ်ရန် လတ်တလော အနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **CHUBB Life Myanmar Insurance Company နှင့် ပတ်သက်၍ ပြည်သူများ၏ အာမခံအခွင့်အရေးများ ဆုံးရှုံးနေမှုကို သက်ဆိုင်ရာဌာနများမှ မည်သို့ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က Chubb Life Myanmar Insurance Company သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ယင်းတို့၏ သဘောဖြင့် ကြိုတင် အကြောင်းကြားခြင်း မရှိဘဲ ပိတ်သိမ်းပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းနှင့် စပ်လျဉ်း၍ Chubb Life Myanmar Insurance Company အသက်အာမခံ ဝယ်ယူထားသည့် ပေါ်လစီရှင်များ ဆုံးရှုံးနစ်နာမှုမရှိစေရေး ရန်ကုန်မြို့ မြန်မာနိုင်ငံ အာမခံအသင်း၌ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံ အာမခံအသင်းနှင့် လိုင်စင်ရ အသက်အာမခံ ကုမ္ပဏီများ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်အရ “နိုင်ငံတကာရှိ အာမခံကုမ္ပဏီများ ဖျက်သိမ်းသည့်အခါ ဆောင်ရွက်သည့် နည်းလမ်းဖြစ်သော ယင်းကုမ္ပဏီမှ အာမခံ ဝယ်ယူထားသည့် အသက်အာမခံပေါ်လစီများကို မြန်မာနိုင်ငံအတွင်းရှိ အခြား အသက်အာမခံကုမ္ပဏီ တစ်ခုခုသို့ လွှဲပြောင်းပေးနိုင်ရေး” ဆွေးနွေး ဆောင်ရွက်ခဲ့ပါကြောင်း။

Chubb Life Myanmar Insurance Company ၏ ရရန်ရှိနှင့် ပေးရန်ရှိများအား လွှဲပြောင်းရယူမည့် အသက်အာမခံကုမ္ပဏီထံမှ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ကို ဖိတ်ခေါ်ခဲ့ရာ နိုင်ငံခြားရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီတစ်ခုက EOI ပေးပို့လာပါကြောင်း၊ ၎င်းတို့ တင်ပြထားသော EOI လုပ်ငန်းစဉ်နှင့် အချိန်ဇယားအတိုင်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံ ပေါ်လစီများကို ဆန်းစစ်မှုများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အသက်အာမခံ ပေါ်လစီရှင်များအား စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့် စိစစ်ပြီး ဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် Chubb Life Myanmar Insurance Company ထံမှ အာမခံဝယ်ယူထားသည့် ပြည်သူများ၏ အာမခံ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် Myanmar Insurance Company အာမခံပေါ်လစီရှင်များကို လက်ခံရယူမည့် ကုမ္ပဏီမှ စိစစ်မှုလုပ်ငန်းစဉ် (Due Diligence) ပြီးစီးချိန်တွင် အာမခံအမျိုးအစားအပေါ်မူတည်ပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်မည့် အခြေအနေများကိုလည်း Chubb Life Myanmar Insurance Company ၏ အသက်အာမခံပေါ်လစီရှင်များသို့ “အသိပေးကြေညာချက်” ထုတ်ပြန် ပေးသွားမည်ဖြစ်ပါကြောင်း၊ Chubb Life Myanmar Insurance Company ကိုလည်း “အာမခံ လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ” ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေး ရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေး စနစ် ဥပဒေ/ နည်းဥပဒေ ပြဋ္ဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးသောင်းရွှေ**က အာမခံလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချရမှုအတွက် လွန်စွာမှ အရေးကြီးသည့် လုပ်ငန်းကဏ္ဍတစ်ခု ဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းရပ်ဆိုင်းကာ သို့မဟုတ် ပြည်ပကုမ္ပဏီများဖြစ်ပါက ပြည်ပသို့ထွက်ခွာသွားခြင်းရှိခဲ့ပါက ပြည်သူများ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရနိုင်ပါသောကြောင့် အကာအကွယ် ပေးမည့်စနစ်တစ်ခုရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဈေးကွက်တည်ငြိမ်ရန် အာမခံကုမ္ပဏီများသည် ပြည်သူလူထု၏ စိတ်ချယုံကြည်မှု ရရှိရန် ဥပဒေကြောင်းအရ အာမခံချက်ရှိရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အာမခံကာကွယ်ရေး ရန်ပုံငွေတည်ထောင်ရန်နှင့် အာမခံစာချုပ် လွှဲပြောင်းကာကွယ်ရေးစနစ်ကို ကြိုတင်ပြီး ဥပဒေ (သို့မဟုတ်) ပြင်ဆင်ပြဋ္ဌာန်းချက်မျိုးရှိရန် လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေ တိုးပွားလာခြင်း၊ အစိုးရ၏ ဝန်ထုပ်ဝန်ပိုးလျော့နည်းလာခြင်းနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံမှုမြင့်မားလာခြင်းတို့မှတစ်ဆင့် နိုင်ငံတော်၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းများ ခိုင်မာစွာ ရပ်တည် ဆောင်ရွက်နိုင်ရန်နှင့် အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်အတွက် အဆိုအား ထောက်ခံကြောင်း ဆွေးနွေးသည်။

**တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်** က ပြည်သူများသည် မိမိတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ကျန်းမာရေးနှင့် စီးပွားရေး လုပ်ငန်းများကို ရုတ်တရက်ကြုံတွေ့လာရမည့် အန္တရာယ်များမှ ကာကွယ်ရန်အတွက် ရေရှည် ရင်းနှီးမြှုပ်နှံပြီး ယုံကြည်စိတ်ချစွာ အပ်နှံထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာမခံထားသူများ၏ အခွင့်အရေးကို ကြိုတင်ကာကွယ်ပေးနိုင်မည့် စနစ်တစ်ခု တည်ဆောက်ရန် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ အာမခံပျံ့နှံ့မှု (Insurance Penetration) ၏ ဂျီဒီပီသည် သုည ဒသမ ၂ ရာခိုင်နှုန်းဝန်းကျင်သို့ ရောက်ရှိနေပြီကိုလေ့လာတွေ့ရှိရသဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်း ဈေးကွက်တိုးတက်လာရန် အလားအလာရှိ နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးလာမည့် ဈေးကွက်ကြီး တည်ငြိမ်ရန်အတွက် အဓိကအကျဆုံးအချက်သည် ပြည်သူလူထု၏ ယုံကြည်မှုရရှိရန် ဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လျော်ကြေးပေးသည့် လုပ်ငန်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်၏ စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ဘဏ္ဍာရေးမဏ္ဍိုင်တစ်ခု ဖြစ်ပါကြောင်း၊ အာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ အခွန်ဝင်ငွေ တိုးပွားလာခြင်း၊ အစိုးရ၏ ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုး လျော့နည်းလာခြင်းနှင့် ပြည်သူများ၏ ဘဝလုံခြုံရေး မြင့်မားလာခြင်းတို့မှ တစ်ဆင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုပါကြောင်း၊ ပုဂ္ဂလိကနှင့် နိုင်ငံခြား အာမခံကုမ္ပဏီများ ဝင်ရောက်လာမှု၊ နိုင်ငံတကာ ကြီးကြပ်ရေး စံနှုန်းများနှင့် အာမခံထားသူ ကာကွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်ရှိဥပဒေကို ပြင်ဆင်ခြင်း (သို့မဟုတ်) ခေတ်မီအာမခံလုပ်ငန်း ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်း** က အဆိုသည် ပြည်သူကို ကာကွယ်ရန် ရည်ရွယ်ချက်ကောင်းများရှိသော်လည်း လက်ရှိ မိမိတို့နိုင်ငံ၏ စီးပွားရေး အခြေအနေနှင့် အာမခံဈေးကွက် အခင်းအကျင်းအရ လက်တွေ့ အကောင်အထည်ဖော်ရန် အချိန်အခါ မကျသေးဘဲ ပြည်သူများနှင့် စီးပွားရေး လုပ်ငန်းရှင်များအပေါ် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၆ ခုနှစ် ဇွန် ၂၄ ရက်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၆/၉၆) ဖြင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ဥပဒေ၏ အခန်း(၄)တွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB) ကို အခိုင်အမာဖွဲ့စည်းပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် ဥပဒေအသစ်၊ ရန်ပုံငွေအသစ် ထပ်မံတည်ထောင်ပြီး ဗျူရိုကရေစီ ယန္တရားထပ်ချဲ့မည့်အစား လက်ရှိ ကြီးကြပ်ရေးအဖွဲ့က အာမခံကုမ္ပဏီများ၏ ရန်ပုံငွေအခြေအနေကို ပိုမိုတင်းကျပ်စွာ စစ်ဆေးရန်နှင့် ကုမ္ပဏီများ ဒေဝါလီမခံရအောင် ကြိုတင်ကာကွယ်သည့် မူဝါဒများကိုသာ အားဖြည့်သင့်ပါကြောင်း၊ ဥပဒေအသစ်များ ထပ်တိုးပြီး စည်းမျဉ်းများ ရှုပ်ထွေးအောင်လုပ်မည့်အစား လက်ရှိစနစ်ကို ပိုမိုထိရောက်အောင် ကိုင်တွယ်ဖြေရှင်းခြင်းသည် ပိုမိုလက်တွေ့ကျသည့် ဖြေရှင်းနည်းဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

စာမျက်နှာ ၆ သို့ ✢

✢ စာမျက်နှာ ၅ မှ

**ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) ဦးမင်းမင်းထွန်း**က မြန်မာနိုင်ငံ၏ အာမခံကဏ္ဍတွင် လူဦးရေ၏ ၁ ရာခိုင်နှုန်းအောက်သာ အာမခံထားရှိသေးသည့်အတွက် ပြည်သူများ၏ အာမခံစနစ်အပေါ် ယုံကြည်မှု (Public Trust)သည် အလွန်နုနယ်နေသေးသည့် အနေအထားဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ လုံခြုံရေးအတွက် အာမခံစနစ် ပိုမိုဖွံ့ဖြိုးလာရေး တည်ဆောက်နေရသည့် အချိန်တွင် ဥပဒေကြောင်းအရ အကာအကွယ်မဲ့မှုကြောင့် ပြည်သူများ၏ ယုံကြည်မှု ပျက်ပြားသွားပါက ရှိရင်းစွဲ ၁ ရာခိုင်နှုန်းသောဈေးကွက်ပါ ပြိုလဲသွားနိုင်ပြီး စီးပွားရေးမဏ္ဍိုင် တစ်ခုလုံးကို ထိခိုက်စေမည် ဖြစ်ပါကြောင်း၊ ၁၉၉၆ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်၍ဖြစ်စေ၊ နည်းဥပဒေအသစ်ဖြင့် ဖြစ်စေ ကုမ္ပဏီများ တာဝန်မဲ့ မဆုတ်ခွာနိုင်အောင် ပေါ်လစီလွှဲပြောင်းရေး ဥပဒေစနစ်သစ်ကို အမြန်ဆုံး ဖြည့်စွက် ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း။

ယခင် သင်ခန်းစာများအရ ဥပဒေကြောင်းဆိုင်ရာ ပြီးပြည့်စုံသည့် ဘဏ္ဍာရေး အကာအကွယ်မရှိဘဲ စီးပွားရေးနှင့် အာမခံကဏ္ဍ တိုးတက်ရေးကို လုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင် တောင်းဆိုထားသည့် အာမခံ ကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ခြင်းနှင့် ပေါ်လစီများ လွှဲပြောင်း ကာကွယ်ရေးဆိုင်ရာ ဥပဒေ/နည်းဥပဒေများကို တိကျစွာ ပြဋ္ဌာန်းခြင်းဖြင့် မိဘပြည်သူများ၏ အာမခံငွေကြေးများကို တိုက်ရိုက် ကာကွယ်ပေးနိုင်မည့် တိကျခိုင်လုံသော အဖြေဖြစ်ပါသဖြင့် ပြည်ထောင်စု အစိုးရအနေဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ပေးပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မန္တလေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်**က မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် အာမခံလုပ်ငန်း ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၇/၂၀၁၉)တွင် အတည်အလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြဋ္ဌာန်းခဲ့သော်လည်း ယနေ့အထိ ရန်ပုံငွေ တည်ထောင်ခြင်း မရှိသေးသည့်အပြင် ဆက်စပ်နည်းဥပဒေများကိုလည်း ထုတ်ပြန်ခြင်းမရှိသေးပါကြောင်း၊ ထို့ကြောင့် (Chubb) ကဲ့သို့ဖြစ်ရပ်တွင် ပြည်သူများ ဥပဒေကြောင်းအရ အကာအကွယ်မဲ့နေရခြင်းဖြစ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း။

ယခုအဆိုသည် ဥပဒေတစ်ရပ်အသစ် ပြဋ္ဌာန်းရန်မလိုဘဲ လက်ရှိဥပဒေကို ပြန်လည်ဖြည့်စွက်ပြီး အသက်သွင်းရန်သာ လိုအပ်ပါကြောင်း၊ အာမခံ ကာကွယ်ရေးရန်ပုံငွေကို ဥပဒေနှင့်အညီ တည်ထောင်ပါက ယုံကြည်မှုကို ပြန်လည် တည်ဆောက်နိုင်ခြင်း၊ နိုင်ငံဘဏ္ဍာရေးစနစ်၏ လုံခြုံမှု မြင့်တက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာ တိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားလာရမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်သူများ၏ အာမခံကြေးများ မည်သည့်အကြောင်း အမျိုးမျိုးကြောင့် ဆုံးရှုံးခြင်းမရှိစေရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၁) နော်ယုဇနဝါ**က လက်တွေ့အခြေအနေတွင် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံထားရှိသော ပြည်သူများအား လျော်ကြေးပေးဆောင်သည့် အချိုးအစားမှာ အလွန်နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် အခြားယာဉ်များ၏ လိုင်စင် သက်တမ်းတိုးတိုင်း အာမခံကြေးကို မဖြစ်မနေ ပေးဆောင်နေရသော်လည်း၊ လက်တွေ့တွင် အာမခံ၏ အကာအကွယ်နှင့် ရပိုင်ခွင့်များကို မရရှိဘဲ အခွန်ပေးဆောင်နေရသကဲ့သို့သာ ဖြစ်နေပါကြောင်း။

အာမခံဥပဒေ၊ နည်းဥပဒေများက ပေးအပ်ထားသော ရပိုင်ခွင့်များကို ပြည်သူများ အပြည့်အဝရရှိစေရန် မြန်မာ့အာမခံလုပ်ငန်းတွင် တာဝန်အရှိဆုံးဖြစ်ပါကြောင်း၊ ရေရှည်တွင် ကမ္ဘာ့ထိပ်တန်းအာမခံကုမ္ပဏီများကဲ့သို့ ဘီလီယံချီ ကြွယ်ဝချမ်းသာပြီး နှစ်ရာချီ တည်တံ့ရန် မြန်မာ့အာမခံလုပ်ငန်းအတွက် ထပ်မံပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ထပ်မံပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေပါ ပြစ်ဒဏ်နှင့် ဒဏ်ကြေးများသည်လည်း ခေတ်နှင့်လျော်ညီခြင်း မရှိပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဘီလီယံချီ နိုင်ငံအခွန်များ ရရှိစေရန် ပြည်တွင်းပြည်ပမှ ငွေကြေးဆိုင်ရာ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အကူအညီရယူပြီး မူဝါဒလမ်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့် နည်းဗျူဟာများ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရ အာမခံကုမ္ပဏီများထံမှ အာမခံဝယ်ယူထားသော ပြည်သူများ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးနိုင်ရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသည့် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေများ၊ နည်းဥပဒေ ၇ (က) နှင့် ၇ (ခ) တို့တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ ၎င်းတို့ ထည့်ဝင်သည့် မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်ထည့်သွင်း ထားရှိရမည်ဖြစ်ပြီး ၎င်းမတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အမည်နှင့် ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူထားရှိရပါကြောင်း။

အာမခံထားသူ ပြည်သူများမှ ၎င်းတို့ဝယ်ယူသည့် အာမခံပေါ်လစီများအတွက် ပေးသွင်းထားသော ပရီမီယံအလိုက် အာမခံပေါ်လစီပါ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ မဆုံးရှုံးစေရန် အာမခံကုမ္ပဏီများ အနေဖြင့် အာမခံ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ၂၀၂၄ ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် "အာမခံစာရင်းဆိုင်ရာ ညွှန်ကြားချက်" တွင် ပါဝင်သည့် ပေါ်လစီများ၏ အနာဂတ်တွင် ပေးချေရန်တာဝန်ရှိမှုအတွက် အာမခံ တွက်ချက်မှုဆိုင်ရာ လျာထားချက်များ (Technical Provision) ကို ပေးရန် တာဝန်ရှိမှုအပိုင်းတွင် သီးသန့်လျာထားရမည်" ဟု ဖော်ပြချက်နှင့်အညီ အာမခံကုမ္ပဏီများမှ ပေးလျော်ရန်ရှိမှုအဖြစ် စာရင်းထည့်သွင်း လျာထားရပါကြောင်း။

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေအခန်း(၄) "ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) တွင် "လိုအပ်ပါက အသက်အာမခံပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေကို ထူထောင်ထားရှိစေခြင်းနှင့် အခြားသင့်လျော်သောနည်းများဖြင့် အရေးယူဆောင်ရွက်ခြင်း" ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

အဆိုရှင်၏ အဆိုတွင် ပါဝင်သည့် "အာမခံ ကာကွယ်ရေးရန်ပုံငွေတည်ထောင်ခြင်းနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရန်ကိစ္စနှင့်ပတ်သက်၍ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီး ဖြစ်သော်လည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် အချက်များကို နည်းဥပဒေတွင် ထပ်မံပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် လည်းကောင်း၊ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး အတွက် လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာမခံ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် အာမခံထားရှိသူ ပေါ်လစီရှင်များ နစ်နာမှုမရှိစေရေးအတွက် အာမခံကာကွယ်ရေး ရန်ပုံငွေ ထူထောင်ထားရှိရန် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့်ပေါ်လစီများ လွှဲပြောင်းပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဗြိတိန်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အာမခံရန်ပုံငွေများ (Industry Funded) သဘောသဘာဝ၊ ရန်ပုံငွေထည့်ဝင်မှုပုံစံ၊ အခြေခံသဘောတရားများ (Principles) ကို လေ့လာဆန်းစစ်ခြင်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လေ့လာဆန်းစစ်ခြင်း ပြုလုပ်ပြီးပါက အာမခံထားသူ ပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အသက်အာမခံ ပေါ်လစီရှင်များအား ကာကွယ်ရန် ရန်ပုံငွေ (Fund for the Protection of Life Assurance Policy-holders) ကို အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်သွားနိုင်ရန် "မြန်မာနိုင်ငံ အာမခံအသင်း" နှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

---

## ■ အားကောင်းသောမုန်တိုင်းငယ်မှ

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီးမှ ဖြတ်ကျော်နေပါသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက် လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ည ၁၀ နာရီခွဲတွင် မြောက်လတ္တီကျု ၁၇ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၇ ဒသမ သုည ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေ မှ ၁၁ ပေခန့် ရှိနိုင်သည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမကွေ့၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင်္ဘမြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် နေပြည်တော်မသန်စွမ်းသူများအသင်းတို့အား တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆင်္ဘမြောက်နေ့သို့ လာရောက်လေ့လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများ အသင်းတို့အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုလို လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများကို မျက်မြင်လေ့လာခွင့်ရသဖြင့် လွှတ်တော်က ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် ဗဟုသုတများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး မဏ္ဍိုင်(၃)ရပ် ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ထိုမဏ္ဍိုင်(၃)ရပ်တွင် ပြည်သူများက မိမိတို့ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ဆန္ဒမဲပေးရွေးချယ်လိုက်သည့်ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်များလည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းစဉ်များကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက်လည်း ကော်မတီများကို ဖွဲ့စည်းထားရှိပါကြောင်း၊ မိမိတို့လွှတ်တော်၏ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်သူများ ဥပဒေပြုရေးကဏ္ဍကို ပိုမိုသိရှိအောင် ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာ ပါလီမန်များနှင့်လည်း ဆက်သွယ်မှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်များအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မိမိတို့၏ ဒေသလိုအပ်ချက်များကို ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် သက်ဆိုင်ရာကော်မတီများနှင့် မိမိတို့မဲဆန္ဒနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ၊ သာသနာနုဂ္ဂဟအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ နေပြည်တော်မသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းဦး၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အဖွဲ့ဝင် ဦးတင်မိုးအောင်(ခ)နေရှိုင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား စီမံ၊ စီးပွား၊ လူမှုထူးချွန်ဆုများ ပေးအပ်သွားမည်



စစ်တွေ စက်တင်ဘာ ၂၈

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နတ်တော်လဆန်း ၆ ရက်(၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်)တွင် ကျရောက်မည့် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့တွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား စီမံ၊ စီးပွား၊ လူမှုထူးချွန်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ အနှစ်သာရရှိရှိ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီများအလိုက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးများက လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ အကြံပြုဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**




# လှိုင်လင်မြို့၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်း ပေးအပ်

လှိုင်လင် စက်တင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လှိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက အပ်ချုပ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ရာ ထူးချွန်သင်တန်းသူများက လက်ခံရယူကြသည်။

အခမ်းအနားတွင် လှိုင်လင် - ပင်လုံ - လဲချားတို့မှ စက်ချုပ်နည်းပညာသင်တန်းထူးချွန်သူ ၁၅ ဦးအား တစ်ဦးလျှင် အပ်ချုပ်စက် တစ်လုံး၊ ဘီတင်စက် တစ်လုံး၊ ခါးစက် တစ်လုံးနှင့် လျှပ်စစ်မီးပူ စသည့် ဆက်စပ်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ လှိုင်လင်မိုး

# ပဲခူးမြို့၌ တားမြစ်/ပိတ်ပင်ထားသော ပိုးသတ်ဆေးများရောင်းချမှုမရှိစေရေး အသိပညာပေးဆွေးနွေး



ပဲခူး စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ပိုးသတ်ဆေး ရောင်းချသည့် လုပ်ငန်းရှင်များအား တားမြစ်/ပိတ်ပင်ထားသော ပိုးသတ်ဆေးများ ရောင်းချမှုမရှိစေရေး ဥပဒေ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့် ဒေသန္တရအမိန့်များအား အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးက ပိုးသတ်ဆေး ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံက တားမြစ်ပိတ်ပင်ထားသော ပိုးသတ်ဆေးများရောင်းချမှု မရှိစေရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ချမ်းအေးသာစံမြို့နယ် ပြည်ကျော်ဈေးအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္နေ/အရန်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဈေးမီးဘေးလုံခြုံရေးအတွက် ရေတွင်းရေကန်များအား စက်တင်ဘာ ၂၈ ရက်က စစ်ဆေးစဉ်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ(၂)ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/ စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောဝိဒက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ပညာရေးမူဝါဒ ပရိယတ္တိသင်ကြားရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး)ကို စတင်ဖွင့်လှစ်လာခဲ့သည်မှာ နှစ်လေးဆယ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ဗုဒ္ဓမြတ်စွာ၏ ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးကိစ္စအဝဝကိုဆောင်ရွက်ကြရာတွင် ဓမ္မသင်္ဂဇာပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သဒ္ဓါဗိုလ်(သဒ္ဓါစွမ်းအား)၊ ဝီရိယဗိုလ်(ဝီရိယစွမ်းအား)၊ သတိဗိုလ်(သတိစွမ်းအား)၊ သမာဓိဗိုလ် (သမာဓိစွမ်းအား)၊ ပညာဗိုလ် (ပညာစွမ်းအား)ဟူသော ဗိုလ်ငါးပါးတရားလက်ကိုင်ထားလျက် မိမိထံရောက်လာသော တာဝန်ကို ကျေကျေပွန်ပွန် ဆောင်ရွက်တော်မူကြရန် တိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟို ပညာရေးအဖွဲ့အစည်းအဝေး(၂/၂၀၂၆) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍အစည်းအဝေးသို့ကြွရောက်တော်မူလာသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၆) နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက်(၁၂)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၂)ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာသိမ်တော်ကြီးအပေါ်ထပ်ရှိဘုရားဆင်းတုတော် ၁၀၈ ဆူကို ကြည်ညိုသပ္ပာယ်စွာ အပူဇော်ခံနိုင်ရေးဆောင်ရွက်ထားရှိမှု၊ မဟာသိမ်တော်ကြီး အောက်ထပ်ရေဝင်ရောက်မှုမရှိစေရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဒဂုံသီရိကုသိုလ်တော်ဘောမဲ့ငါးကန်အတွင်း ငါးများကို စောင့်ရှောက်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ



ဖလမ်း စက်တင်ဘာ ၂၈

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲတွင် "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟူသောဆောင်ပုဒ်နှင့်အညီ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကို အားပေးသော သင်ကြားသင်ယူမှုပုံစံဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေး နိုင်ငံတော်က မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဖလမ်းမြို့နယ်တွင်စာသင်ကျောင်း ၁၂၁ ကျောင်းဖွင့်လှစ်ပြီး ဆရာ ဆရာမ ဦးရေ၂၇၇ ဦး၊ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူဦးရေ ၅၇၆၉ ဦးရှိကြောင်း၊ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူနိုင်ရေးအတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်တင်ဆက်ဖျော်ဖြေကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းထက်ဆင့်နှင့် မူလတန်းအောက်ဆင့် ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဒုတိယဝန်ကြီးက ဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်က လက်ခံရယူကာ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသူများအား အာဟာရဘူးများပေးအပ်လှူဒါန်းကြပြီး ဖလမ်းမြို့ အသဲကွဲတောင်ခြေရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တာဝါတိုင်နှင့် စက်များထားရှိမှု၊ အသဲကွဲတောင်ထိပ်ရှိ View Point သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ အထူးဓမ္မသဘင်ကို စက်တင်ဘာ ၂၇ ရက် ညပိုင်းက ပြင်ဦးလွင်မြို့ သံဃသာမဂ္ဂီသိမ်တော်ကြီး၌ ကျင်းပရာ အလှူရှင်များက ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းသည့် ဓမ္မပူဇာအလှူငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက လက်ခံစဉ်။ ခရိုင်(ပြန်/ဆက်)

# ကော့မှူးမြို့နယ်၌ ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

ကော့မှူး စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အထက(ဝါးဘလောက်သောက်)နှင့် အထက(ထန်းမနိုင်)တို့၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဟောပြော**

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ခွေးကိုက်ခံရပါက ဦးစွာခွေးကိုက်ဒဏ်ရာကို ချက်ချင်းရေများများဖြင့် ဆပ်ပြာသုံး၍ ဆေးကြောရမည်ဖြစ်ကြောင်း၊ ဒဏ်ရာကို အရက်ပြန်(သို့မဟုတ်)ပိုးသတ်ဆေး(Povidone iodine) ရှိပါက ထည့်ပေးပြီး နီးစပ်ရာဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွား၍ ဆေးကုသမှုခံယူသင့်ကြောင်း စသည့်အကြောင်းအရာများကို ဟောပြောသည်။

အဆိုပါကျေးရွာများ၌ ခွေးရူးရောဂါဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှု ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ခွေး၊ ကြောင်များအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လျှောင်သဏ္ဌာန်တူ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



မင်းတုန်း စက်တင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်ဦးစီးမှူး ဦးဟန်ဇာကျော်နှင့် ဝန်ထမ်းများက လျှောင်သဏ္ဌာန်တူ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ထို့နောက် လျှောင်လှုပ်ခတ်ပါက အချက်ပေးသံထုတ်လွှင့်ပြီး နှစ်ထပ်စာသင်ဆောင်မှ ကျောင်းသား ကျောင်းသူများကို အဆောက်အအုံအပြင်သို့ စနစ်တကျ အမြန်ထွက်ခွာစေခြင်း၊ အဆောက်အအုံမီးလောင်ခြင်းအတွက် မီးငြှိမ်းသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိသူများနှင့် အဆောက်အအုံအမြင့်တွင် ပိတ်မိသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **ချင်းကလေး(NRDC)**

# လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း(ဆိုလာစနစ်) အမှတ်စဉ်(၂/၂၀၂၆)ကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဘာသာရပ် ၁၁ မျိုးကို စာတွေ့လက်တွေ့ သင်ကြားပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း (ဆိုလာစနစ်) အမှတ်စဉ်(၂/၂၀၂၆)ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် ဘာသာရပ် ၁၁ မျိုးကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။



သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ ပါဝင်တက်ရောက်မည်ဖြစ်ပြီး သင်တန်းတွင် အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ သင်တန်းဆရာများက သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က နေပြည်တော်ရှိ ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆိုလာစနစ်ကို တပ်ဆင်သွယ်တန်းသည့်အချိန်တွင် စနစ်ကျမှန်ကန်ပြီး အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှသာ အသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သုံးစွဲနေသည့်ကာလတစ်လျှောက်တွင် ဆိုလာစနစ်နှင့် ဆက်စပ်ပစ္စည်းများကိုစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စနစ်တကျအန္တရာယ်ကင်းစွာ သွယ်တန်းတပ်ဆင်နိုင်သည့် ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းကို ဖွင့်လှစ်ပြီး ကျွမ်းကျင်သူများကို မွေးထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ချောင်း၊ မြောင်းများ ရှင်းလင်း

**မော်လမြိုင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသများနှင့် ထိစပ်လျက်ရှိသည့် ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းကြောင့် ဒေသအတွင်း မိုးများ ရွာသွန်းလျက်ရှိမှုအပေါ် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာများတွင် မုန်တိုင်းသတိပေးချက်များ နှိုးဆော်ခြင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများက ရပ်ကွက်အလိုက် ချောင်းများ၊ ရေမြောင်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။



**ကြည့်ရှုစစ်ဆေး**

အဆိုပါ ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကမ်းနားလမ်းတစ်လျှောက် သံလွင်မြစ်ရေတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မုပွန်ရပ်ကွက် နတ်ကျွန်းချောင်း အတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေလမ်းကြောင်း ပိတ်ဆို့နေသည့်အမှိုက်များ ဆယ်ယူရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မိုးသည်းထန်စွာရွာသွန်းပါက ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ လိုက်နာဆောင်ရွက်ရန် လိုအပ်

**ပုသိမ် စက်တင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားလိုက်နာဆောင်ရွက်ရန် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမင်းဦးက ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့နှင့် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)၊ တွဲဖက်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**○ တနင်္သာရီတိုင်းဒေသကြီးမှ**

ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တနင်္သာရီမြို့နယ်အတွင်း စက်တင်ဘာ ၂၄ ရက်မှ ယနေ့အထိ မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျချောင်းရေကျဆင်းမှုများကြောင့် သဲဖြူကျေးရွာနှင့် မောတောင်ငယ်အကြား ကားလမ်းပေါ်တွင် မြေပြိုကျမှုဖြစ်ပေါ်သည့် နေရာများ၊ ချောင်းရေမြင့်တက်၍ ရေကျော်မှုဖြစ်ပွားလျက်ရှိသည့် လမ်းတစ်လျှောက်ရှိ တံတားများတွင် ရေစီးနှင့်အတူ မျောပါလာသည့် သစ်ပင်၊ သစ်ကိုင်းများ၊ နုန်းများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပုလောမြို့၊ သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

❂

# ဟင်္သာတမြို့နယ်၌ ရေဝင်ရောက်မှုကြောင့် ပဲလောပဲနံစိုက်ခင်းများပျက်စီးသွားသော တောင်သူများနှင့်တွေ့ဆုံ

**ဟင်္သာတ စက်တင်ဘာ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်သမုဒ္ဒရိုးကျေးရွာရှိ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပဲလောပဲနံ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း တောင်သူများနှင့် ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသောစိုက်ခင်းများသို့ စက်တင်ဘာ ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးကြည်လင်၊ ဟင်္သာတမြို့နယ် ဦးစီးမှူး ဒေါ်သဇ္ဇာခိုင်၊ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းလှိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက တောင်သူများ၏ ပျက်စီးစိုက်ကေများတွင် ပြန်လည်စိုက်ပျိုးမည့်သီးနှံများနှင့် လိုအပ်သည်များမေးမြန်း၍ စနစ်ကျသော စိုက်ပျိုးရေးနည်းစနစ်ဖြင့် အရည်အသွေးကောင်းမွန်သော ကုန်ထုတ်လုပ်မှုမြင့်တင်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြုဆောင်းပါး

# AI ကြောင့် ဆရာ့တန်ဖိုး နိမ့်ကျသွားနိုင်ပါသလား

ဒေါက်တာမောင်သင်း

မြန်မာ့လူ့အဖွဲ့အစည်းတွင် **“ပညာရွှေအိုး လူမခိုး”**ဟူ၍ရှိပါသည်။ ပညာရွှေအိုးကို မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းပေးသူများမှာ ဆရာများပင်ဖြစ်ကြပေသည်။ ဆရာများက လက်ဆင့်ကမ်းနေသည့် မျိုးဆက်တိုင်း၏ဘဝကို သာယာဖွံ့ဖြိုးစေမည့် **“ပညာ”**၏ အနှစ်အဓိပ္ပာယ်မှာ

**အမှား-အမှန်ကို ခွဲခြားသိမြင်ခြင်း၊**

**မှန်သော အသိကိုသိခြင်း၊**

**မှန်သောလမ်းကို ရွေးချယ်နိုင်ခြင်း၊**

**မှန်ကန်စွာ ဘဝကိုတည်ဆောက်နိုင်ခြင်း......တို့ဖြစ်ပါသည်။**

ယနေ့ကမ္ဘာကြီးတွင် နည်းပညာတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေပြီး Artificial Intelligence (AI) ဟုခေါ်သော ဉာဏ်ရည်တုနည်းပညာက ပညာရေးအပါအဝင် လူသားတို့၏ နေ့စဉ်ဘဝအတွင်းသို့ပင် နက်ရှိုင်းစွာ ဝင်ရောက်လာပြီဖြစ်သည်။ မေးခွန်းတစ်ခုကို ရိုက်ထည့်လိုက်ရုံဖြင့် စက္ကန့်ပိုင်းအတွင်း အဖြေများရရှိနိုင်သောခေတ်သို့ ရောက်ရှိလာသည့်အခါ **“AI တိုးတက်လာလျှင် ဆရာများ၏ အခန်းကဏ္ဍသည် လျော့ကျသွားမည်လား”**ဟူသော သံသယမေးခွန်း ပညာရေးလောကတွင် ပေါ်ပေါက်လာခဲ့ပေသည်။

ယနေ့ခေတ်တွင် မိမိသိလိုသည့် အကြောင်းအရာများကို အင်တာနက်မှတစ်ဆင့် စာအုပ်များ၊ သုတေသနစာတမ်းများ၊ ဗီဒီယိုသင်ခန်းစာများနှင့် အွန်လိုင်းပညာရေး အရင်းအမြစ်များကို ကမ္ဘာအနှံ့မှ ရယူနိုင်ပေသည်။ ထိုအထဲတွင် AI သည် ပိုမိုထူးခြားသော အခန်းကဏ္ဍတစ်ခုကိုရယူနေကာ မေးခွန်းများကို အလျင်အမြန် ဖြေကြားပေးနိုင်သည်။ ရှုပ်ထွေးသောအကြောင်းအရာများကို ရိုးရှင်းလွယ်ကူစွာ ရှင်းပြပေးနိုင်သည်။

ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားသည့် ပညာရပ်မျိုးစုံကို ဘာသာပြန်ပေးနိုင်သည်။ စာရေးသားရာတွင် အထောက်အကူပြုနိုင်သည်။ အချက်အလက်များကို လျင်လျင်မြန်မြန် စုစည်းပေးနိုင်သည်။ ထို့ကြောင့် ကျောင်းသားများအတွက် AI သည် အချိန်မရွေး အသုံးပြုနိုင်သော သက်မဲ့သင်ကြားရေးအဖော်တစ်ဦး (Non- Living Facilitator) ဖြစ်လာနေသည်။ သို့အတွက်ကြောင့် ဆရာများအတွက် စိုးရိမ်စိတ်ဖြင့် အဆိုပါမေးခွန်း ပေါ်ပေါက်လာခြင်းပါ။

## AI မယှဉ်နိုင်သော တန်ဖိုးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်

သို့သော် ပညာရေးသည် အချက်အလက်များကို စုဆောင်းပေးခြင်း၊ အချက်အလက်များလောက်သာသိရန်၊ အဖြေများကို မှတ်သားရန်မဟုတ်ဘဲ လူတစ်ဦး၏ အကောင်း၊ အဆိုး ခွဲခြားနိုင်စွမ်းပညာရရှိစေပြီး မှန်ကန်စွာ ဘဝတည်ဆောက်နိုင်ကာ အသိဉာဏ်၊ အကျင့်စာရိတ္တ၊ စိတ်ခံတက်ကြံ့ခိုင်မှုနှင့် လူသားဆန်မှု ပင်ကိုလက္ခဏာတို့ကို ပျိုးထောင်ပေးရသည့်လုပ်ငန်းဖြစ်သောကြောင့် AI နည်းပညာ မည်မျှပင်တိုးတက်လာပါစေ၊ အဆိုပါပညာနှင့် လူ့တန်ဖိုးပေါ်လွင်အောင် လေ့ကျင့်ပေးနေသည့် ဆရာတို့၏တန်ဖိုးသည် AI မယှဉ်နိုင်သော တန်ဖိုးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ထို့အပြင် AI သည် ဉာဏ်ရည်အတုပါ။ ဉာဏ်ရည်အစစ်မဟုတ်ပါ။ AI ကို ဆရာ ဆရာမများကဲ့သို့ လူသားက ဖန်တီးထားခြင်းပါ။ ဖန်တီးခံရသည့်အတုဆိုသည်မှာ ဖန်တီးသူ ဉာဏ်ရည်အစစ်ပိုင်ရှင် ဆရာဆရာမများကဲ့သို့ လူသားကိုမမီနိုင်ပါ။ ထူးခြားချက်မှာ မြန်မာ့လူ့အဖွဲ့အစည်းတွင် AI သည် အနန္တဂိုဏ်းဝင်အဆင့်မဟုတ်ပေ။

ထို့အတူ AI ဆီမှ **အချက်အလက်ရရှိခြင်းသည် ပညာရခြင်းမဟုတ်ပါ။** အဖြေတစ်ခု၊ အချက်အလက်တစ်ခုကို သိရှိခြင်းနှင့် ထိုအချက်အလက်၊ ထိုအဖြေ၏အဓိပ္ပာယ်ကို နားလည်ခြင်းလည်း မတူညီပါ။ ပညာရေး၏ အဓိကရည်ရွယ်ချက်သည် အချက်အလက်သိရန် အဖြေများကိုမှတ်သားစေရန် အဓိကအကြောင်းရင်းမဟုတ်ပေ။ အကြောင်းအရာတစ်ခုကို ကိုယ်တိုင်စဉ်းစား ဝေဖန်ဆုံးဖြတ်တတ်ရန်၊ အမှန်နှင့် အမှားကို ခွဲခြားတတ်ရန်၊ မိမိ၏ဆုံးဖြတ်ချက်အတွက် တာဝန်ယူတတ်ရန်နှင့် အခြားသူများအပေါ် ကိုယ်ချင်းစာ လေးစားတတ်ရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်သည်။

ထိုအရည်အသွေးများသည် စာအုပ်ထဲမှ စာသားများကိုဖတ်ရှုခြင်းဖြင့်သာ ရရှိလာခြင်းမဟုတ်ဘဲ ဆရာများ၏မြင့်မားသည့် ဝါနှင့် သမ္မာ၊ အတွေ့အကြုံ၊ ပြည့်ဝစွာ လမ်းညွှန်ရှင်းပြနိုင်မှု၊ စံနမူနာပြမှုနှင့် လူသားဆန်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာပြည့်ဝမှုတို့ဖြင့် တဖြည်းဖြည်းချင်း ပျိုးထောင်မှုဖြင့်သာ ပေါက်ဖွားလာခြင်းဖြစ်သည်။

ဆရာဟူသည် စာသင်ခန်းထဲတွင်သာ သင်ခန်းစာကို သင်ပြပေးသူသက်သက်မဟုတ်ပါ။ ကျောင်းသား၏ ဘဝခရီးလမ်းကို လမ်းညွှန်ပေးသူဖြစ်သည်။ ကျောင်းသား၏ အားသာချက်ကို ရှာဖွေဖော်ထုတ်ပေးသူ၊ အားနည်းချက်ကို ပြုပြင်မြှင့်တင်ပေးသူ၊ အမှားလုပ်မိသည့်အခါ အပြစ်တင်မှုမပြုဘဲ အမှားမှ သင်ခန်းစာယူတတ်အောင် လမ်းညွှန်ပေးသူဖြစ်သည်။ ထို့အပြင် ကျောင်းသားတစ်ဦးသည် မိမိကိုယ်ကို ယုံကြည်မှုအားနည်းလာသည့်အချိန်တွင် **“မင်း လုပ်နိုင်တယ်”**ဟု ယုံကြည်မှုပေးနိုင်သူ၊ အခက်အခဲများကြားတွင် လက်မလျှော့ရန်အားပေး၍ အောင်မြင်သည့်လမ်းကို ညွှန်ပြပေးနိုင်သူမှာလည်း ဆရာပင်ဖြစ်သည်။

## AI တွင် လူသားဆန်မှု ဝိသေသတန်ဖိုးများကိုမတွေ့နိုင်

တစ်ခါတစ်ရံ ကျောင်းသားတစ်ဦး၏ စာမေးပွဲကျရှုံးမှုသည် ပညာရပ်နားမလည်ခြင်းကြောင့်မဟုတ်ဘဲ စိတ်ပျက်အားငယ်နေခြင်းကြောင့်ဖြစ်နိုင်သည်။ စာမေးပွဲရလဒ်မကောင်းသည့်အတွက် မိမိကိုယ်ကို အသုံးမကျသူဟု ထင်လာနိုင်သည်။ မိမိ၏အိပ်မက်များကို လက်လျှော့ချင်လာနိုင်သည်။ ထိုအချိန်တွင် AI သည် စာမေးပွဲအဖြေများကို ရှင်းပြပေးနိုင်သော်လည်း ကျောင်းသား၏စိတ်ထဲတွင် ဖြစ်ပေါ်နေသော ခံစားမှု၊ စိတ်ပျက်အားငယ်မှု၊ နာကျင်မှုကို ဆရာတစ်ဦးကဲ့သို့ စာနာမှု၊ စေတနာအရင်းခံဖြင့် နားလည်ပေးရန်မလွယ်ကူပါ။ ဆရာသည် ကျောင်းသား၏ စကားလုံးများကိုသာ နားထောင်ခြင်းမဟုတ်ဘဲ မျက်နှာပေါ်က စိတ်အားငယ်မှု၊ စိတ်ပျက်မှု၊ အသံထဲက မျှော်လင့်ချက်ပျောက်ဆုံးမှုနှင့် ဘဝနာကျင်မှုအပြုအမူများကိုပါ သိနိုင်၊ ဖတ်နိုင်၊ အဓိပ္ပာယ်ဖော်နိုင်သည်။ ထိုသို့သော နားလည်မှု၊ ကိုယ်ချင်းစာမှုနှင့် အားပေးမှုတို့သည် ဆရာတို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာတို့မှ ပေါက်ဖွားလာသည့် လူသားဆန်မှုတန်ဖိုးများဖြစ်ကြသည်။ စက်ရုပ်ဖြစ်သည့် AI တွင် အဆိုပါလူသားဆန်မှု ဝိသေသတန်ဖိုးများကို မတွေ့နိုင်ပေ။

ကျောင်းသားတိုင်းသည် ပုံစံတူများမဟုတ်ကြပါ။ တစ်ဦးသည် စာတော်သော်လည်း မိမိကိုယ်ကို ယုံကြည်မှုနည်းနိုင်သည်။ တစ်ဦးသည် စာတွင် အားနည်းသော်လည်း အနုပညာ သို့မဟုတ် အားကစားတွင် ထူးချွန်နိုင်သည်။ တစ်ဦးသည် အပြင်ပန်းတွင် တက်ကြွပျော်ရွှင်နေသော်လည်း အတွင်းစိတ်တွင် အခက်အခဲများစွာ၊ ဝမ်းနည်းစရာများ ရှိနေနိုင်သည်။ ထိုကွဲပြားမှုများကို သိနိုင်၊ အဓိပ္ပာယ်ဖော်နိုင်ပြီး ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် လမ်းညွှန်ပေးနိုင်ခြင်းသည် ဆရာတို့၏ မြင့်မားသော ဆရာ့စွမ်းရည်များဖြစ်ပေသည်။ ကျောင်းသားများ၏ ရှေ့ရေး၊ ဘေးအန္တရာယ်ကို ကာကွယ်ရေးအတွက် တစ်ခါတစ်ရံ တင်းကျပ်ရန်လိုသည့်အခါ တင်းကျပ်ပေးပြီး အားပေးရန်လိုသည့်အခါ နူးညံ့စွာ အားပေးနိုင်သည်။ ထိုသို့သော လူသားတစ်ဦးချင်းစီအပေါ် စာနာမှု၊ ကိုယ်ချင်းစာမှု၊ နားလည်မှုကို AI ကဲ့သို့ စက်တစ်ခုဖြင့် အပြည့်အဝအစားထိုးရန် မလွယ်ကူပါ။

ဆရာသည် **“ဘာကို သိရမည်”** ဆိုသည်ထက် **“ ဘယ်လို စဉ်းစားရမည်”**ကို သင်ကြားလေ့ကျင့်ပေးသူဖြစ်သည်။ ဆရာက မေးခွန်းတစ်ခု မေးသောအခါ အဖြေမှန်တစ်ခုရရှိရန်သာ ရည်ရွယ်ခြင်းမဟုတ်ပါ။ အဖြေဖော်ထုတ်ရန် ကြိုးစားရင်း ကိုယ်တိုင်စဉ်းစားတတ်သည့် အလေ့အကျင့်ဖြစ်ထွန်းစေလိုခြင်း၊ အကြောင်းနှင့်အကျိုး ဆက်စပ်ရှာဖွေစေလိုခြင်း၊ အမှားနှင့်အမှန် ခွဲခြားတတ်နိုင်ကာ မှန်ကန်သောအတွေးအမြင်ဖြင့် ဘဝခရီးလမ်းမှန်ကို ရွေးချယ်တတ်စေလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာ၏ သင်ကြားလမ်းညွှန်မှုသည် စာအုပ်ထဲမှစာသားများ၊ သင်ခန်းစာများနှင့် ကျောင်းဝင်းဘောင်ကို ကျော်လွန်ပြီး ကျောင်းသား၏ တွေးခေါ်မြော်မြင်ပုံ၊ ဆုံးဖြတ်ပုံနှင့် ဘဝတစ်သက်တာ ရှင်သန်ရပ်တည်ပုံအထိ သက်ရောက်မှုရှိသည်။

နည်းပညာအသစ်အဆန်းများ ပေါ်ထွန်းလာသည်နှင့်အတူ ယင်းကိုအသုံးချသည့်ကျင့်ဝတ်ကို သင်ကြားလေ့ကျင့်ပေးရန်လည်း ပညာရေး၏ တာဝန်ဖြစ်လာသည်။ နည်းပညာကို မကောင်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုလျှင် လူ့အဖွဲ့အစည်းကို ဆိုးကျိုးသက်ရောက်နိုင်သည်။ AI ကိုပင် ကောင်းမွန်သော ရည်ရွယ်ချက်အတွက် အသုံးချနိုင်သကဲ့သို့ မမှန်ကန်သောနည်းလမ်းဖြင့် အသုံးချနိုင်သည်။ ထို့ကြောင့် နည်းပညာအသုံးပြုမှုကျင့်ဝတ်နှင့်အတူ တာဝန်ယူမှု၊ ရိုးသားမှု၊ ကိုယ်ကျင့်တရားနှင့် လူမှုတာဝန်သိစိတ်တို့လည်း လိုအပ်သည်။ အဆိုပါ လူ့တန်ဖိုးများကို ကျောင်းသားတို့၏ဦးနှောက်ထဲတွင် အထုံပါရမီအဖြစ် ဘဝတစ်သက်တာစွဲမြဲသွားစေရန် ပျိုးထောင်ပေးနိုင်သူမှာ ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် ဆရာများပင်ဖြစ်ပေသည်။ AI က နည်းပညာအသုံးချမှုကျင့်ဝတ်ကို ဖော်ဆောင်ပေးနိုင်ခြင်း ကင်းပေသည်။

ထို့အပြင် ဆရာသည် အသိနှင့် အတတ်ပညာသင်ပေးရုံသာမက ကျောင်းသားများအတွက် စံနမူနာကောင်းတစ်ခုဖြစ်အောင် နေထိုင်နေသူလည်းဖြစ်သည်။ ဆရာ၏ ပညာအရာတွင် ဝါနှင့် သမ္မာရင့်ကျက်မှု၊ တာဝန်ယူမှု၊ ရိုးသားမှု၊ စည်းကမ်းရှိမှု၊ တရားမျှတစွာ ဆုံးဖြတ်နိုင်မှုနှင့် ဆူကြံ့နိမ့်မြင့် ခွဲခြားမှုကင်းကာ တန်းတူလေးစား ဆက်ဆံမှုတို့ကို ကျောင်းသားများက အတုမြင်၊ အတတ်သင်ပုံစံမျိုးဖြင့် သင်ယူကြသဖြင့် ဆရာသည် တပည့်အပေါင်း၏ **“စံနမူနာပြလူသား”** (Role Model) ဖြစ်ပေသည်။ တစ်ခါတစ်ရံ ဆရာက စာကြောင်းတစ်ကြောင်းမျှမရေးဘဲ မိမိ၏အပြုံး၊ ငြိမ်းအေးသောအမူအရာ၊ ယဉ်ကျေးသောဟန်ပန်အပြုအမူဖြင့် လူသားဆန်မှု၊ လူ့ယဉ်ကျေးမှု သင်ခန်းစာတစ်ခုခုကို သင်ကြားပေးနေတတ်သည်။ ထိုအရာသည် AI မည်မျှပင် တိုးတက်လာပါစေ အလွယ်တကူ အစားထိုး၍မရနိုင်သော လူသားဆန်မှုလက္ခဏာများဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာတို့မှ ပေါက်ဖွားလာသည့်စာနာမှု၊ ကိုယ်ချင်းစာတရားရှိမှု၊ စာရိတ္တကောင်းမွန်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ပင်ဖြစ်ပေသည်။

## ဆရာ၏လက်ထောက်အဖြစ် အသုံးချသင့်

AI တိုးတက်လာခြင်းကို ဆရာများအတွက် စိုးရိမ်စရာမဟုတ်ပါ။ ဝမ်းသာစရာပါ။ AI သည် ဆရာတို့၏ သင်ကြားရေးလုပ်ငန်းများကို ပိုမိုထိရောက်စေမည့် သင်ကြားရေးအထောက်အကူပြု နည်းပညာတစ်ခုသာဖြစ်ပေသည်။ သင်ခန်းစာပြင်ဆင်ရာတွင် ပြဋ္ဌာန်းစာအုပ်အလွန် အချက်အလက်များကို ရယူဖြည့်စွက်၊ သင်နိုင်၊ ရှင်းပြနိုင်သည်။ ကျောင်းသားများ၏ အဆင့်အလိုက် လေ့ကျင့်ခန်းများ AI အကူအညီဖြင့် ဖန်တီးနိုင်သည်၊ အဖြေထုတ်နိုင်သည်။ ရှုပ်ထွေးသောအကြောင်းအရာများကို ရှင်းလင်းတင်ပြရန် နည်းလမ်းများရှာဖွေနိုင်သည်။ ထို့ကြောင့် AI ကို ဆရာ၏ လက်ထောက်အဖြစ် အသုံးချသင့်သည်။

ဆရာသည် AI ကို အသုံးချသူပါ။ AI ၏ အခိုင်းခံမဟုတ်ပေ။ အနာဂတ်ပညာရေးတွင် AI သည် ဆရာ့လက်ထောက်အဖြစ် ဆောင်ရွက်ရပေလိမ့်မည်။ AI ၏ လျင်မြန်စွာ အချက်အလက်များ စုစည်းနိုင်စွမ်းကိုအသုံးချပြီး ဆရာ၏ အတွေ့အကြုံ၊ ဉာဏ်ပညာ၊ ကျောင်းသားအပေါ်ထားသည့် လူသားဆန်မှုအရည်အသွေးတို့နှင့် ပေါင်းစပ်နိုင်ပါက ပညာရေး၏ အရည်အသွေး ပိုမိုမြင့်မားလာနိုင်သည်။ နည်းပညာက ဆရာ၏ လုပ်နိုင်စွမ်းကို ပိုမြင့်အောင်ကူညီနိုင်သဖြင့် ပညာရေး၏ အဓိကတာဝန်ဖြစ်သော လူသားပျိုးထောင်ရေးကို ပိုမိုကောင်းမွန်လာပေလိမ့်မည်။

AI ကို အသုံးပြုရာတွင်လည်း ဆရာ၏လမ်းညွှန်မှုသည် အရေးကြီးသည်။ AI မှပေးသော အချက်အလက်တိုင်းကို မှန်ကန်သည်ဟု မဆိုနိုင်ပေ။ AI သည် သူ့အလိုလို အရာရာကို သိနိုင်သူမဟုတ်ပေ။ AI ရှိ အချက်အလက်များသည် AI ပရိုဂရမ်ထည့်သွင်းသူ ပညာရှင်၏ ဗဟုသုတအပေါ်မူတည်သည်။

**❝ပညာရေးသည် အချက်အလက်များကို စုဆောင်းပေးခြင်း၊ အချက်အလက်များလောက်သာသိရန်၊ အဖြေများကို မှတ်သားရန်မဟုတ်ဘဲ လူတစ်ဦး၏ အကောင်း၊ အဆိုး ခွဲခြားနိုင်စွမ်းပညာရရှိစေပြီး မှန်ကန်စွာ ဘဝတည်ဆောက်နိုင်ကာ အသိဉာဏ်၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် လူသားဆန်မှု ပင်ကိုလက္ခဏာတို့ကို ပျိုးထောင်ပေးရသည့်လုပ်ငန်းဖြစ်သောကြောင့် AI နည်းပညာ မည်မျှပင်တိုးတက်လာပါစေ၊ အဆိုပါ ပညာနှင့် လူ့တန်ဖိုးပေါ်လွင်အောင် လေ့ကျင့်ပေးနေသည့် ဆရာတို့၏တန်ဖိုးသည် AI မယှဉ်နိုင်သော တန်ဖိုး တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမည်❞**

**စာမျက်နှာ ၁၁ သို့** ☆

# အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်တွန်းမှာကြား

ပုသိမ် စက်တင်ဘာ ၂၈



အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် တိုင်းဒေသကြီးသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများ အား တိုက်တွန်းမှာကြားသည်။

ထို့ပြင် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် ရေငန်ဝင်ရောက်သည့် ဖျာပုံခရိုင်၊ လပွတ္တာခရိုင်တို့တွင် ရေချိုကြိုတင် စုဆောင်းထားရှိရန်၊ စိုက်ကေများ အောင်ရေ ရရှိရေးနှင့် ရေချိုရရှိရေးအတွက် သက်ဆိုင်ရာ ဌာနများက ကြိုတင်စီမံဆောင်ရွက်ရန်၊ အယ်လ်နီညိုကြောင့် အပူရှိန်မြင့်မားပြီး ရာသီဥတု ပူပြင်းခြောက်သွေ့သဖြင့် မီးဘေး အန္တရာယ် ဖြစ်ပွားနိုင်ခြေများသည့်အတွက် မီးဘေးလုံခြုံရေးအစီအမံများ ကြိုတင်စီမံ ဆောင်ရွက်ရန်၊ အပူရှောင်စခန်းများ သတ်မှတ်ပေးရန်လည်း မှာကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ဆေးဝါးနှင့် ဆေးပစ္စည်းများ ကြိုတင်စုစည်းထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ ကယ်ဆယ်ရေးယာဉ်များ စုဖွဲ့ထားရှိမှု၊ စားရေရိက္ခာနှင့် စက်သုံးဆီသိုလှောင်ထားရှိမှု၊ ဘေးကင်းလုံခြုံသော နေရာများတွင် သောက်သုံးရေသိုလှောင်ထားရှိမှု၊ Shelter များ ပြင်ဆင်ထားရှိမှု၊ ရေကြီးနစ်မြုပ်ဒေသများတွင် စာသင်ကျောင်းများနှင့် ရုံးဌာနများ ပြန်လည်ဖွင့်လှစ်မှု၊ လျှပ်စစ်ဓာတ်အားရရှိရေး ပြန်လည်ဆောင်ရွက်နေမှု၊ ရေကြီးနစ်မြုပ်ဒေသများရှိ စိုက်ကေများတွင် သီးနှံများပြန်လည်စိုက်ပျိုးနေမှု၊ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ရေချိုရရှိနိုင်ရန် စာရင်းများကောက်ယူနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

နံနက်ပိုင်းတွင်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပုသိမ်ခရိုင် ငွေဆောင်မြို့အတွင်း Galaxy Red Star CO.,LTD (မြန်မာ)နှင့် GCL Green Energy Technology CO.,LTD (တရုတ်)တို့ ပူးပေါင်းဆောင်ရွက်မည့် ၂၅၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာများကို ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံ

ကျုံပျော် စက်တင်ဘာ ၂၈

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အခမ်းအနားသို့ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနား တက်ရောက်လာသူများထံသို့ Rabies Vaccination cards နှင့် ခွေးရူးရောဂါအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ကြသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ မွေးမြူထားသည့် ခွေး ၉၁ ကောင်၊ ကြောင် ကိုးကောင်တို့အား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**




☆ စာမျက်နှာ ၁၀ မှ

မည်သည့်နည်းပညာရှင်မှ အကုန်မသိနိုင်သဖြင့် ပြန်လည်စစ်ဆေးတတ်ရန် လိုအပ်သည်။ ကိုယ်တိုင်စဉ်းစားခြင်းမရှိဘဲ AI ထံမှရရှိသော အဖြေကိုသာ စဉ်းစားဆင်ခြင်မှုကင်းစွာ ကူးယူအသုံးပြုခြင်းသည် အသံတိတ်အလွတ်ကျက်မှု (Silent Rote Learning) ဖြစ်၏။ ဆင်ခြင်ဉာဏ်မဲ့ ပုံတူကူးမှုပင်ဖြစ်သည်။ ပညာရေး၏အဓိပ္ပာယ်ကို လျော့နည်းစေနိုင်သည်။

ထို့ကြောင့် ကျောင်းသားများအား AI ကို အသုံးပြုတတ်စေရုံသာမက **AI ကို ဆန်းစစ်ဝေဖန်မှု (Critical Thinking) ဖြင့် အသုံးပြုတတ်ရန်** ဆရာများက သင်ကြားပေးရမည်ဖြစ်သည်။ ဤနေရာတွင် ဆရာသည် AI အပါအဝင် နည်းပညာအသုံးပြုသူများကို လမ်းညွှန်ပေးသူအဖြစ် ပိုမိုအရေးကြီးသောကဏ္ဍမှ ပါဝင်လာပြီဖြစ်သဖြင့် ဆရာကိုယ်တိုင်က AI ကို ခိုင်းနိုင်သူ၊ AI ကို ကျွမ်းကျင်စွာ အသုံးချနိုင်သူဖြစ်ရန်နှင့် AI တွင် ပါဝင်သည့်အချက်အလက်များကို စိစစ်သုံးသပ်နိုင်သူဖြစ်ရလေအောင် မိမိဉာဏ်ပညာဗဟုသုတကို အမြဲလုံ့လထုတ် ဖြည့်ဆည်းနေရန် တာဝန်ရှိပေသည်။

**စေတနာ စကားတစ်ခွန်းကြောင့်**
**ကျောင်းသား၏ဘဝကို မြင့်မားစေနိုင်**

ဆရာတို့၏တန်ဖိုးကို စာသင်ခန်းအတွင်း ပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သင်ပြနိုင်မှုဖြင့် တိုင်းတာ၍မရနိုင်ပါ။ ဆရာ၏ စေတနာအပြည့်ဖြင့်ပြောခဲ့သော စကားတစ်ခွန်းကြောင့် ကျောင်းသား၏ဘဝကို မြင့်မားစေနိုင်သည်။ **“မင်းလုပ်နိုင်တယ်”**ဟူသော ယုံကြည်မှုတစ်ခုသည် တပည့်၏ အောင်မြင်မှုအတွက် အားအင်ဖြစ်လာနိုင်သည်။ **“အမှားလုပ်တာ မရှက်ရဘူး၊ အမှားကနေ သင်ခန်းစာမယူတာကိုပဲ ရှက်သင့်တယ်”**ဟူသည့် ဆရာ၏ အတွေးအမြင်တစ်ခုသည် မျိုးဆက်တိုင်း၏ ဘဝတစ်လျှောက်လုံးတွင် အားထားစရာ အယူအဆတစ်ခုဖြစ်လာနိုင်သည်။ ထိုသို့ပြောသည့်အချိန်တွင် ဆရာ (ဦးနှောက်အစစ်ပိုင်ရှင်)၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာတရားပြည့်ဝသည့် အသံ၊ အမူအရာ၊ စာနာမှု၊ အားပေးမှု၊ တပည့်အပေါ် ယုံကြည်မှု မျက်လုံးများသည် လူသားရဲ့မှုပိုင်ပါ။ AI စက်ရုပ်မှာ မရှိပါ။

ကျောင်းသားတစ်ဦး အောင်မြင်လာသောအခါ သူ၏နာမည်သည် ထင်ရှားလာနိုင်သော်လည်း ထိုအောင်မြင်မှု၏ နောက်ကွယ်တွင် ရှိနေသော ဆရာ၏အမည်မှာ မထင်ရှားနိုင်ပါ။ သို့သော် ဆရာသည် ထိုအရာကို မမျှော်လင့်ပါ။ ကျောင်းသား၏အောင်မြင်မှုကို မြင်ရခြင်းသည်ပင် ဆရာအတွက် အကြီးမားဆုံး ဆုလာဘ်တစ်ရပ်ဖြစ်သည်။ ကျောင်းသားကောင်းတစ်ဦးဖြစ်လာခြင်းသည် ဆရာ၏တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်ခဲ့ခြင်းဖြစ်ပေသည်။

ယနေ့ ကမ္ဘာကြီးကို တိုးတက်အောင် အကျိုးပြုနေကြသော နယ်ပယ်အစုံမှ ပညာရှင်များအားလုံးသည် တစ်ချိန်က ဆရာတစ်ဦးဦး၏ရှေ့တွင် ထိုင်ခဲ့ကြသူများသာဖြစ်ကြပါသည်။ ထိုအထဲတွင် ယနေ့ AI နည်းပညာကို ဖန်တီးနေသူများပင်လျှင် တစ်ချိန်က **“ပထမဆုံးစာလုံး”**ကို ရေးတတ်အောင် သင်ပေးခဲ့သူ၊ **“ပထမဆုံးမေးခွန်း”**ကို ဖြေကြားနိုင်အောင် လမ်းညွှန်ပေးခဲ့သူ၊ **“မိမိ၏ အရည်အချင်းအစစ်အမှန်ကို ပထမဆုံးမြင်တွေ့ပြီး အားပေးပျိုးထောင်ခဲ့သူ”** ဆရာတစ်ဦး၏ကျေးဇူးကြောင့် ယခုလို ခေတ်သစ်နည်းပညာဖန်တီးနိုင်သောဘဝကို ပိုင်ဆိုင်နိုင်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် **AI ကို ဖန်တီးသူများအား ယခုလိုဖန်တီးနိုင်အောင် အစပြုပေးသူ လူသားသည် ဆရာများပင်ဖြစ်ပေသည်။ AI နှင့် ဆရာကြားတွင် မျိုးဆက်တစ်ဆက်ခြားနေခြင်း** ဟူသောအချက်က ဆရာတို့၏ မြင့်မားသည့်တန်ဖိုးကို အထင်အရှားဖော်ပြနေသည်။ သို့ပါ၍ ဆရာများသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အနန္တဂိုဏ်းဝင်ဘဝကို သမိုင်းစဉ်ဆက် ရပ်တည်နိုင်ခဲ့သည်။

**ဆရာများ၏ကျေးဇူးတရားကို အမှတ်တရဖော်ကျူးသည့်နေ့**

ကမ္ဘာ့ဆရာများနေ့သည် ဆရာ ဆရာမများကို ဂုဏ်ပြုသည့်နေ့ တစ်နေ့လောက်သာမဟုတ်ပါ။ ပညာ၏တန်ဖိုးကို အစောဆုံးလူသားမျိုးဆက်များဆီရောက်အောင် ပို့ပေးသူနှင့် ပို့ပေးမှုကို အမြဲသတိရရမည့်နေ့လည်းဖြစ်သည်။ မျိုးဆက်သစ်များ၏ ဘဝလမ်းကြောင်းကို ပြောင်းလဲပေးခဲ့သော ဆရာများ၏ ကျေးဇူးတရားကို အမှတ်တရဖော်ကျူးသည့်နေ့ဖြစ်သည်။ စာရေးတတ်အောင် **“ပထမဆုံးစာလုံး”** ကို သင်ပေးခဲ့သော ဆရာမှသည် မိမိ၏ မှန်ကန်၍တောက်ပသော အနာဂတ်ကို ကိုယ်တိုင်ရွေးချယ်နိုင်အောင် လမ်းညွှန်ပေးခဲ့သော ဆရာများအထိ ဆရာတိုင်းသည် မျိုးဆက်သစ်တို့၏ဘဝထဲတွင် AI က ချေဖျက်နိုင်စွမ်းမရှိသော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် စေတနာဖြင့် ဘဝအောင်မြင်ရေးအုတ်မြစ်များကို ခိုင်မာစွာ ချထားပေးသူများဖြစ်ကြကြောင်း ဖော်ညွှန်းပြဆိုနေသည့် နေ့တစ်နေ့လည်းဖြစ်ပေသည်။

AI သည် လူသားတို့၏ အသိပညာရှာဖွေမှုကို ပိုမိုမြန်ဆန်စေနိုင်သည်။ သို့သော် အသိပညာကို အကျိုးရှိစွာ အသုံးချတတ်ရန် ဆရာ၏ လမ်းညွှန်မှုလိုအပ်သည်။ AI သည် အဖြေကို ပေးနိုင်သည်။ သို့သော် မေးခွန်းကို မှန်ကန်စွာမေးတတ်အောင် သင်ပေးသူမှာ ဆရာဖြစ်သည်။ AI သည် စာကို ရှင်းပြနိုင်သည်။ သို့သော် စာထဲမှ အသိပညာကို **“နေ့စဉ်ဘဝ အသုံးချပညာ”** အဖြစ် ပြောင်းလဲနိုင်အောင် လမ်းပြပေးသူမှာ ဆရာဖြစ်သည်။ AI သည် အချက်အလက်များကို သိမ်းဆည်းနိုင်သည်။ သို့သော် လူသားတစ်ဦး၏ စိတ်နှလုံးကို နားလည်ပေးပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ အမြဲပွားများနေရေး၊ အမှန်တရား၊ ရိုးသားမှု၊ ကိုယ်ချင်းစာမှုနှင့် တာဝန်ယူမှုတို့ကို ပျိုးထောင်ပေးသူမှာ ဆရာဖြစ်သည်။ AI မှာ ဆရာကဲ့သို့ စိတ်ကို ဖြူစင်ယဉ်ကျေးအောင်၊ စာနာတတ်အောင်၊ လူ့အဖွဲ့အစည်းကောင်းကျိုး သယ်ပိုးလိုစိတ်၊ တာဝန်သိစိတ်၊ တာဝန်ယူစိတ်တို့ ဖြစ်ထွန်းလာအောင် ခိုင်းစေနိုင်သည့် **“စေတသိက်”**ကို ပိုင်ဆိုင်ခြင်းမရှိပေ။

ထို့ကြောင့် AI နည်းပညာတိုးတက်လာခြင်းသည် ဆရာတို့၏ တန်ဖိုးကို လျော့နည်းလာစရာမရှိပေ။ အမှန်မှာ AI ခေတ် ရောက်လာလေလေ **လူသားဆန်မှု၏ တန်ဖိုး၊ စာရိတ္တ၏ မြင့်မြတ်ဂုဏ်နှင့် ဆရာတို့၏ လူသားပျိုးထောင်ရေးအခန်းကဏ္ဍသည် ပိုမိုထင်ရှားလာလေလေ**ဖြစ်သည်။ နည်းပညာသည် လူသားတို့၏ လက်ထဲတွင် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်နိုင်သော်လည်း ထိုကိရိယာကို မည်သို့အသုံးချရမည်ကို ဆုံးဖြတ်ပေးမည့် လူသားမျိုးစေ့ကောင်းများကို ပျိုးထောင်ပေးရန် ဆရာကောင်း၊ ဆရာမြတ်တို့၏အခန်းကဏ္ဍ အမြဲလိုအပ်နေမည်ဖြစ်သည်။ **ခေတ်တွေ ပြောင်းလဲသွားမည်။ နည်းပညာတွေ တိုးတက်လာမည်။ AI တွေ ပိုမိုထက်မြက်လာမည်။ သို့သော် ကျောင်းသားတစ်ဦး၏ မျှော်လင့်ချက်ကို နားလည်ပေးမည့် ဆရာ၏ မျက်လုံး၊ ကျရှုံးသည့်အခါ ပြန်ထူပေးမည့် ဆရာ၏လက်နှင့် အနာဂတ်ကို ယုံကြည်စွာလမ်းညွှန်ပေးမည့် ဆရာ့နှလုံးသားတန်ဖိုးများကို AI အပါအဝင် မည်သည့်နည်းပညာနှင့်မျှ အစားထိုး၍မရနိုင်ပါ။**

အနာဂတ်ကို AI က ပိုမိုထက်မြက်အောင် ဖန်တီးပေးနိုင်သော်လည်း ထိုအနာဂတ်ကို ကောင်းမွန်စွာ တည်ဆောက်မည့်လူသားများကို ပျိုးထောင်ပေးသူမှာ ဆရာများပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် AI နှင့် ယှဉ်ပြိုင်ရမည့်သူမဟုတ်ပါ။ **AI ကို ဖန်တီးနိုင်၊ အသုံးချနိုင်ပြီး လူသားဖွံ့ဖြိုးရေးအတွက် အကျိုးရှိအောင် အသုံးချတတ်မည့်မျိုးဆက်များကို လမ်းညွှန်ပျိုးထောင်ပေးသူ** ဖြစ်ပေသည်။

သို့ဖြစ်၍ နည်းပညာမည်မျှပင် တိုးတက်လာပါစေ၊ ခေတ်တွေမည်မျှပင် ပြောင်းလဲလာပါစေ၊ လူသားတို့၏ ဘဝလမ်းကြောင်းကို ပညာအလင်းဖြင့် ထွန်းညှိလမ်းပြပေးသော ဆရာတို့၏တန်ဖိုးသည် အစဉ်အမြဲ မလျော့မပါး တည်ရှိနေမည်ဖြစ်သည်။ AI သည် စက်ရုပ်ပါ၊ ဆရာ ဆရာမများ၏ လက်ထဲကထွက်သွားသည့် တပည့်များက AI ကို တီထွင်သူ၊ AI စက်ရုပ်နှင့် ဆရာကြား မျိုးဆက်တစ်ဆက် ကွာခြားနေသေးသည်။ ဉာဏ်ရည်အတုက ဉာဏ်ရည်အစစ်ဖြစ်သူ တပည့်များက ဖန်တီးထားသည့်စက်ရုပ်၊ ထိုစက်ရုပ်မှာ အချက်အလက်ကို မြန်မြန်စုစည်းနိုင်စွမ်းသာရှိ၏။

အချက်အလက်များကို အသစ်အသစ်ဖန်တီးနိုင်သည့် တီထွင်နိုင်စွမ်းမရှိ။ လူသား အထူးသဖြင့် AI ပရိဂရမ်ထည့်သွင်းသူ ခိုင်းသလောက်သာလုပ်နိုင်၏။ ဝေဖန်ပိုင်းခြား၍ မလုပ်နိုင်။ အပြောင်းအလဲအခြေအနေတစ်ခုကို ရင်ဆိုင်ကျော်လွှားရန်မတတ်နိုင်ပေ။ ပြောင်းလဲသောအခြေအနေနှင့် အခက်အခဲကို ကျော်လွှားနိုင်ရန် လူသား၏စိတ်ကို ဖန်တီးလိုစိတ်ဖြစ်သွားအောင် ခိုင်းစေနိုင်တာက **“စေတသိက်” ပါ။**

ယင်း **“စေတသိက်”**သည် ဆရာများနှင့် သူ၏ နောက်မျိုးဆက်များ ဖြစ်သည့် တပည့်လူသားများမှာသာရှိသည့် **“ဝိသေသထူး”** ဖြစ်၏။ ထိုဝိသေသထူး **“စေတသိက်”**ကြောင့် အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ စာနာမှု၊ ကိုယ်ချင်းစာမှု၊ စာရိတ္တပြည့်ဝမှု၊ လူ့အဖွဲ့အစည်းငြိမ်းချမ်းမှုများ ဖြစ်လာ၏။

သို့အတွက် အဆိုပါလူသားဆန်မှုကင်း၍ အချက်အလက်စုဆောင်းထားသော AI ဉာဏ်ရည်တုနှင့် **“လူသားဆန်မှု ဝိသေသထူးများ အပြည့်အဝ”** ရှိသည့် ဉာဏ်ရည်အစစ်ပိုင်ရှင် ဆရာများ၏စွမ်းရည်၊ ဉာဏ်ရည်တို့ကို ဘယ်လိုမှ မနှိုင်းယှဉ်အပ်ပါသဖြင့် ဆရာ့တန်ဖိုးသည် **“အနန္တဂိုဏ်းဝင်”** မြင့်မြင့်မြတ်မြတ်နေရာမှာသာ ဆက်လက်၍ တည်တည်တံ့တံ့ ရပ်တည်နေမည်ဖြစ်ပြီး နိမ့်ကျသွားစရာ လုံးဝမရှိကြောင်း သမိုင်းစဉ်ဆက် ပေါ်ထွန်းခဲ့သော ဆရာများအား ဦးခိုက်လျက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



## အမျိုးသမီးရေးရာဝန်ကြီးဌာနက ရေဘေးသင့်အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

အမျိုးသမီးရေးရာဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စု ၂၈၀၊ လူဦးရေ ၄၀၀ နှင့် ရေကြည်မြို့နယ်မှ အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၃၅၀ စုစုပေါင်း ရေဘေးသင့်အိမ်ထောင်စု ၄၅၅ စုမှ အမျိုးသမီးများအတွက် အမျိုးသမီးသုံးပစ္စည်းများ (Dignity Kits)၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကုလားပဲ စသည့် စားသောက်ကုန်များကို ယနေ့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်သည် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာ ဥက္ကဋ္ဌတို့နှင့် အတူ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့သွားရောက်ထောက်ပံ့စဉ် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်မိသားစုများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်၊ အရေးပေါ်ကာလကို ကျော်လွန်ပြီး ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်း အားပေးစကား ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့က လည်း ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးသည် ရေကြည်မြို့ရှိ Bella Interiors Company Limited နှင့် ဒေသခံအမျိုးသမီးများအတွက် ကြိမ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံသည့် "နိုင်ငံ ၂၂ နိုင်ငံ၏ ကုမ္ပဏီ ၅၇ ခု"က ငွေကျပ် ၄၃၁၅၁၀၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## အင်းစိန်မြို့နယ်၌ စာရိတ္တမဏ္ဍိုင်ကောင်းမွန်ရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံရေးနှင့် စာရိတ္တမဏ္ဍိုင် ကောင်းမွန်ရေးတို့အတွက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဦးဆောင်မေးမြန်းသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဇင်မာက ဆောင်ရွက်၍ ဖြေကြားဆွေးနွေးသူအဖြစ် မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ ဦးဘိုကြည်(စာရေးဆရာ၊ သတင်းစာဆရာ၊ ဒေါက်တာ ဗိုလ်သံမဏိ - တောင်တွင်းကြီး)က ယနေ့လူငယ်နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း အနာဂတ်နိုင်ငံတော်ကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များ ဗလငါးတန်ပြည့်စုံပြီး စာရိတ္တမဏ္ဍိုင် ကောင်းမွန်ရေးမှာ များစွာအရေးကြီးပါကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့် အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦးရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ထားဝယ် စက်တင်ဘာ ၂၈**



ထားဝယ်မြို့၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်(၈၀) အတွင်း စံချိန်တင်ရေလျှံမှုဖြစ်ခဲ့ရာ ဆေးရုံလမ်းရှိ အိမ်ထောင်စု ၂၀၊ လူဦးရေ ၆၇ ဦးကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး ထားဝယ်မြို့အနေဖြင့် အန္တရာယ်ရှိသည့် အနေအထား မဖြစ်ပွားခဲ့ကြောင်း၊ လောင်းလုံးမြို့နယ်တွင် လူထိခိုက်မှုများရှိခဲ့၍ ကူညီဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရားများ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့်ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ မာမားခေါက်ဆွဲ၊ ငါးသေတ္တာ စသည့် စားသောက်ကုန်ငါးမျိုး ရောက်ရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရသည့် အိမ်ထောင်စု ၃၃၉၇ စုနှင့် လူဦးရေ ၁၈၇၁၂ ဦး ရှိကြောင်း၊ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ပြည်သူနှင့်လုပ်ငန်းရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအနေဖြင့် ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ အကောင်းဆုံးဖြစ်အောင် အချိန်မီကူညီဆောင်ရွက်ပေးရန်လိုအပ်ပြီး ထပ်မံဆုံးရှုံးမှုများ မဖြစ်ပွားအောင် ကူညီကယ်ဆယ်သင့်သည်များကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရေကြီးရေလျှံသည့်နေရာများသို့ စက်ယန္တရားများ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မလွတ်ကင်းသည့်ကျောင်းများကိုလည်း ခေတ္တပိတ်ထားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင်များက တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် အလှူရှင်များ၏ ထောက်ပံ့ထားရှိမှုအခြေအနေ၊ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီ၊ ကြက်ဥ၊ မာမားခေါက်ဆွဲ၊ ငါးသေတ္တာစသည့် စားသောက်ကုန်ငါးမျိုး တစ်ပတ်စာထောက်ပံ့ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် အသိပညာပေးနှိုးဆော်

**ပေါင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်ရန်အတွက် "အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေသတင်း" အား လှည့်လည်အသိပေးနှိုးဆော်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ပင်လယ်ကမ်းစပ်ဒေသ ကျေးရွာအုပ်စုများဖြစ်သည့် အလှပ်ကျေးရွာအုပ်စုနှင့် ဝဲပတန်ကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မုန်တိုင်းအန္တရာယ်နှင့် ရေကြီးခြင်းတို့ ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်နှင့် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်စေရန် အများပြည်သူများအနေဖြင့် မုန်တိုင်းနှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်သင့်သည့်လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သတိပြုရှောင်ရှားသင့်သည့် အပြုအမူများကို သိရှိစေရန်နှင့် နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပြန်ကြေညာသော မုန်တိုင်းဘေးအန္တရာယ်သတင်းများကို စဉ်ဆက်မပြတ်နားထောင်ကြရန်၊ လေပြင်းဘေးကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်နိုင်ရေး အသိပညာပေးချက်များအား ပြည်သူများမှ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် လိုက်လံအသိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီးဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းမှပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲ အပြန်အလှန်ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စစ်ရေယာဉ်များအပြန်ခရီးစဉ်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ အပြန်အလှန်ဖြတ်သန်း မောင်းနှင်နှုတ်ဆက်ခြင်း လေ့ကျင့်ခန်း(PASSEX)တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ရေအေး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိတပ်မတော်(ကြည်း၊ရေ၊လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

# ရေဝင်နစ်မြုပ်ခဲ့သည့် လယ်ယာမြေများ၌ ထွန်ယက်ခြင်းများ ဆောင်ရွက်ပေး

**လေးမျက်နှာ စက်တင်ဘာ ၂၈**

လေးမျက်နှာမြို့နယ်အတွင်း ဝေန်မြစ်ရေဝင်ရောက်မှုကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့်လယ်ယာမြေများ၌ စပါးသီးနှံပြန်လည်စိုက်ပျိုးနိုင်ရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ထွန်စက်ကြီးများဖြင့် လယ်ယာမြေထွန်ယက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နဂါးကုန်းကျေးရွာနေ တောင်သူ ဦးထွန်းသွင်၏လယ်မြေ ၁၁ ဒသမ ၅၂ ဧကတွင် ထွန်စက်ကြီးနှစ်စီးဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဟင်္သာတခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ လေးမျက်နှာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက်ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီးဝန်းကျင်ရှိ တရားမဝင် ရေနံတူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန် သယံဇာတပစ္စည်းများ တရားမဝင် တူးဖော်လုပ်ကိုင်၍ ၎င်းမှရရှိသည့် ငွေကြေးများဖြင့် လက်နက်ခဲယမ်းများ မှောင်ခိုဝယ်ယူကာ အင်အားတိုးချဲ့တည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများ၏ တိကျသောသတင်းပေးပို့မှုများအရ မြိုင်မြို့နယ် လက်ပံတို–ကျောက်ခွက်ရေနံမြေ နယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင် ရေနံတူးဖော်လုပ်ကိုင်၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးနေသော PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏နေရာများကို လုံခြုံရေးလုပ်ငန်းများဆောင်ရွက်၍ တရားမဝင်ရေနံတူးဖော် ချက်လုပ်ရာနေရာများကို မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ပံတို–ကျောက်ခွက်နယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင် တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းနိုင်ခဲ့မှု။

မကွေးတိုင်းဒေသကြီး အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြိုင်မြို့နယ် အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တရားမဝင်ရေနံတွင်းတူးဖော် ချက်လုပ်ခြင်းဆောင်ရွက်နေကြောင်းနှင့် ဒေသခံများ၏ လက်ယက်တွင်းများဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်းမှ ဆက်ကြေးကောက်ခံနေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် တစ်နေရာ၊ စက်တင်ဘာ ၃ ရက်တွင် နှစ်နေရာ၊ စက်တင်ဘာ ၄ ရက်တွင် တစ်နေရာ၊ စက်တင်ဘာ ၅ ရက်တွင် နှစ်နေရာ၊ စက်တင်ဘာ ၆ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၇ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၈ ရက်တွင် သုံးနေရာ၊ စက်တင်ဘာ ၉ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၀ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၁ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၂ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၃ ရက်တွင် ငါးနေရာ၊ စက်တင်ဘာ ၁၄ ရက်တွင် ခုနစ်နေရာ၊ စက်တင်ဘာ ၁၅ ရက်တွင် ခုနစ်နေရာ၊ စက်တင်ဘာ ၁၆ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၇ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၈ ရက် တွင် ခြောက်နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၂ ရက် တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၄ ရက် တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် ခြောက်နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် ရှစ်နေရာ နှင့် စက်တင်ဘာ ၂၇ ရက်တွင် ရှစ်နေရာ စုစုပေါင်းတရားမဝင် တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းနေရာပေါင်း ၁၃၁ နေရာတို့အား ဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံး ပစ္စည်းများကို သိမ်းဆည်း ရမိခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် ယာယီတဲအဆောက်အအုံ ၂၄၆ လုံးတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှုမရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။







မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် လက်ပံတို–ကျောက်ခွက်နယ်မြေ တဲကြီးကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းနိုင်ခဲ့မှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ဗိုလ်ကြီး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဗမော်ကျေးရွာနေ တိုးလှိုင်ဝင်း(ခ)ငတိုးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေတာရှည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်နေ့က ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)




# လေးမျက်နှာမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား ခရိုင်အလိုက် တာဝန်ပေးအပ်

**ဟင်္သာတ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့တွင် ဝေနမြစ်ရေပြန်လည်ကျဆင်းသွားသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တိုးတက်အောင်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးအောင်ကျော်စိုးသည် ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်နှင့် ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ မြို့များသန့်ရှင်း သာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပိုင်းလိုက် တာဝန်ပေးအပ်မည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် လေးမျက်နှာမြို့နယ်သို့ သွားရောက်ပြီး အပိုင်းလိုက်ဆောင်ရွက်ရမည့် နေရာများအား ခရိုင်အလိုက်သတ်မှတ်ပေးပြီး စက်တင်ဘာ ၂၆ ရက်မှစ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✧ **ပခုက္ကူမှ**

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိ သဘာဝအဖိုးတန် သယံဇာတများကို ခိုးယူတူးဖော်၍ တရားမဝင်ခိုးထုတ်ရောင်းချခြင်း၊ ၎င်းမှ ရရှိသည့် ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူစုဆောင်းကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ဆက်ကြေး ကောက်ခံခြင်းများ ကျူးလွန်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ရေနံချပ်ကျေးရွာအနီး တရားမဝင်ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် လက်လုပ်ရေနံတွင်း နေရာ ၃၉ နေရာ၊ စက်တင်ဘာ ၁၉ ရက်တွင် ၃၅ နေရာ၊ စက်တင်ဘာ ၂၀ ရက်တွင် ၄၄ နေရာ၊ စက်တင်ဘာ ၂၁ ရက်တွင် ၁၇၆ နေရာ၊ စက်တင်ဘာ ၂၂ ရက်တွင် ၁၈၄ နေရာ၊ စက်တင်ဘာ ၂၃ ရက်တွင် ၁၃၈ နေရာ၊ စက်တင်ဘာ ၂၄ ရက်တွင် ၆၈ နေရာ၊ စက်တင်ဘာ ၂၅ ရက်တွင် ၂၅ နေရာ၊ စက်တင်ဘာ ၂၆ ရက်တွင် ၁၈ နေရာနှင့် စက်တင်ဘာ ၂၇ ရက်တွင် ၈ နေရာ စုစုပေါင်း ၇၃၅ နေရာတို့အား ရှာဖွေဖော်ထုတ်တွေ့ရှိပြီး ရေနံချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ နေထိုင်ခဲ့သည့် ယာယီတဲအဆောက်အအုံ ၅၀၉ လုံးတို့ကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင် ရေနံတူးဖော်ခြင်းများ လုပ်ဆောင်နေသည့် ရေနံတွင်းနေရာများနှင့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဒေသတစ်ဝိုက်တွင်လည်း တရားမဝင်ရေနံတူးဖော်ခြင်းများ ဆောင်ရွက်မှု မရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ရပ်ရွာလူထုကို အနိုင်ကျင့်ဗိုလ်ကျပြီး တရားမဝင်ရေနံတွင်းများကို ကိုယ်တိုင်တူးဖော်ခြင်း၊ ဒေသန္တရလုပ်ကိုင်သူများထံမှ ဆက်ကြေးကောက်ခံခြင်းများပြုလုပ်၍ ရရှိသည့် ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းဝယ်ယူကာ အင်အားတည်ဆောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ သတင်းပေးပို့မှုအရ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက် တိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ■


မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။


မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။


မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား ဖော်ထုတ်ဖမ်းဆီး ရှင်းလင်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# မုံရွာ - မန္တလေးပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရဟန်းသံဃာတော်နှင့်အပြစ်မဲ့အရပ်သားပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ


ဘဒ္ဒန္တ သီလာစာရ (ဒဏ်ရာရ)


ဒေါ်မီမီသန့် (ဒဏ်ရာရ)


ဒေါ်ဝေဝေလွင် (သေဆုံး)

**နေပြည်တော် စက်တင်ဘာ ၂၈**

CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့်နေရာများ၊ အရပ်သားပြည်သူများ၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရစေရန် အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်းဘေး ဝဲ/ယာများ၌ မိုင်းထောင်ခြင်း၊ အေးချမ်းစွာ ပညာ သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ မုံရွာမြို့သို့ ယာဉ်မောင်း ဦးဇင်ကိုအောင် (ဘ)ဦးမုန်း မြိုင်မြို့နယ် လင်းကတော ကျေးရွာနေသူ မောင်းနှင်လာသည့် AD Van အမျိုးအစား မော်တော်ယာဉ်အား မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ အကျော် တံတားအနီး မိုင်တိုင်အမှတ် (၄၂/၅) အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသွားများဖြစ်သည့် ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာနေ ဒေါ်ဝေဝေလွင် (ဘ)ဦးသောင်းရွှေသည် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဆရာတော် ဘဒ္ဒန္တ သီလာစာရနှင့် ရေစကြိုမြို့နယ် ဒီပဆေးကျေးရွာနေ မမီမီသန့်(ဘ) ဦးဝင်းသန့်နှင့် ယာဉ်မောင်းဖြစ်သူတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်၌ မိုင်းစထိမှန် ဒဏ်ရာရရှိသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စေပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်စေလျက် ရှိကြောင်း သိရသည်။


ဦးဇင်ကိုအောင် (ယာဉ်မောင်း)



မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ခရီးသွားမော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်လျက်ရှိသည့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း၊ အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာကို ထပ်မံ၍ပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

တပ်မတော် စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း - ဖာပွန်သွား လမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆိုပါ လမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံ၍ ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ဒေသတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း - ဖာပွန်သွား ကားလမ်းမကြီးအား ယာယီစိုးမိုးထားသဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါ လမ်းကြောင်း တစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြရာ မေ ၈ ရက်တွင် ကျောက်ကွင်းလေးကျေးရွာ၊ မေ ၁၀ ရက်တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာ၊ မေ ၁၆ ရက်တွင် နေကကျေးရွာ၊ မေ ၁၈ ရက်တွင် ရေပူကျေးရွာ၊ မေ ၂၄ ရက်တွင် မိုင်(၄၀) ကျေးရွာ၊ မေ ၃၁ ရက်တွင် နိုခဲဒိုကျေးရွာနှင့် ဘောကျိုထကျေးရွာ၊ ဇွန် ၃ ရက်တွင် ကတိုင်တိကျေးရွာ၊ ဇွန် ၂၃ ရက်တွင် ဘောကြို့လယ်ကျေးရွာ၊ ဇွန် ၂၄ ရက်တွင် ရှမ်းရွာကျေးရွာ၊ ဇွန် ၂၇ ရက်တွင် တောင်သူစုကျေးရွာ၊ ဇူလိုင် ၂၅ ရက်တွင် ဖာလုံလေးကျေးရွာနှင့် စက်တင်ဘာ ၇ ရက်တွင် ကမမောင်း - ဖာပွန် လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ်(၂၈/၅) မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာတို့အား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ဆင်စွယ်ကျေးရွာအား ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။



တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံထိန်းချုပ်သိမ်းပိုက်စဉ်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါကျေးရွာနှင့် လမ်းကြောင်း တစ်လျှောက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၆၅ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းများ၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကျေးရွာများနှင့်လမ်းကြောင်းတစ်လျှောက်အား ထိန်းချုပ်စိုးမိုးထားစဉ်အတွင်း စစ်ရေးပစ်မှတ် မဟုတ်သည့် ကျေးရွာအတွင်းရှိလူနေအိမ်များ၌ ဘန်ကာများပြုလုပ်၍ ခံစစ်စခန်းများပြုလုပ်ခြင်း၊ ဒေသခံပြည်သူများ၏ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ၊ စည်းစိမ်ဥစ္စာများနှင့် တန်ဖိုးကြီးပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးပြီး အတင်းအဓမ္မ ယူဆောင်အသုံးပြုခြင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို မထောက်ခံသည့် ဒေသခံများကို အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းတို့ကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခဲ့ကြသည့်အပြင် ကမမောင်း - ဖာပွန် လမ်းကြောင်း တစ်လျှောက် ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများ ကောက်ခံခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်း၊ လမ်း/တံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့မှုကြောင့် ခရီးသွားလာမှု ကန့်သတ်ချက်များဖြစ်ပေါ်ခဲ့ရပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာထိခိုက်ပျက်စီးခဲ့ရသဖြင့် ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကမမောင်း - ဖာပွန် လမ်းကြောင်း တစ်လျှောက်ရှိ ကျန်ရှိသည့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လမ်းတစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ မြေမြှုပ်မိုင်းအန္တရာယ်မှ အများပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းပေးခြင်း၊ စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


တပ်မတော်စစ်ကြောင်းများက ကမမောင်း - ဖာပွန်သွားလမ်းကြောင်းပေါ်ရှိ ဆင်စွယ်ကျေးရွာအား ထပ်မံထိန်းချုပ်သိမ်းပိုက်ရရှိစဉ်။


အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း - ဖာပွန် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများအား ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားစဉ်။


အကြမ်းဖက်သောင်းကျန်းသူများက ကမမောင်း - ဖာပွန် လမ်းကြောင်းပေါ်ရှိလမ်း/တံတားများအား ဖောက်ခွဲဖျက်ဆီးထားမှုကို တွေ့ရစဉ်။

## မင်းကင်းမြို့နယ်၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မင်းကင်း စက်တင်ဘာ ၂၈**

စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အံ့စရာကျေးရွာ လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေး အတွက် မြေနေရာရှင်းလင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့တွင် သွားရောက်စစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေပြည်သာအောင်ကုမ္ပဏီ တာဝန်ခံက မြေနေရာရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ပစ္စည်းရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က လုပ်ငန်းများ ဆောင်ရွက်မှုအပေါ် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ အံ့စရာကျေးရွာ၌ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဒု ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၂၄၆ ဒသမ ၁၀ သန်းဖြင့် ရွှေပြည်သာအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဖြိုးကျော်(ပုံတောင်မြေ)

ဥပဒေ ဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ

# အကြမ်းဖက် CRPH၊ NUG အဖွဲ့များအတွက် ငွေကြေးကောက်ခံပေးနေသည့် People's Revolution Supply Family - PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူများအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအား အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ၎င်းတို့ ရေရှည်ရပ်တည်နိုင်ရန်အတွက် People's Revolution Supply Family–PRF Website (https://form.prfhq.modnug.org) အား တည်ထောင်၍ Wave Pay၊ တရားမဝင် NUG Pay၊ တရားမဝင် SDB Bank၊ Crypto နှင့် နိုင်ငံခြားငွေ Payment စနစ်များမှတစ်ဆင့် ငွေကြေးကောက်ခံလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။




အကြမ်းဖက်အဖွဲ့များ အခြေပြုနေထိုင်ရပ်တည်၍ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းကို မလိုလားသော အေးချမ်းစွာ နေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ PRF Website သို့ WavePay ဖြင့် ငွေကြေးထောက်ပံ့သူ ၇၀၀ ခန့်၊ တရားမဝင် NUG Pay ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ခန့်၊ တရားမဝင် SDB ဘဏ်ဖြင့် ငွေကြေးထောက်ပံ့သူ ၁၀၀၀ ခန့် စုစုပေါင်း ၂၇၀၀ ကျော်၏ အချက်အလက်များအား ဖော်ထုတ်ရရှိခဲ့ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ PRF Website သို့ ငွေကြေးထောက်ပံ့ပေးပို့သူ တရားခံများဖြစ်ကြသည့် မိုးညှင်းမြို့နေ ထက်သူအောင်၊ လားရှိုးမြို့နေ မေရီဆန်စင်၊ ရွှေညောင်မြို့နေ မျိုးမြမြတ်ထွန်းကြည်၊ ပုသိမ်ကြီးမြို့နယ်နေ လှိုင်ဖုန်း၊ ပြင်ဦးလွင်မြို့နေ စန်းယုအောင်၊ ပျဉ်းမနားမြို့နယ်နေ သဲအိခိုင်၊ ဇမ္ဗူသီရိမြို့နယ်နေ သီဟ၊ လှည်းကူးမြို့နေ ဇော်ကိုလတ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ရန်နိုင်အောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မျိုးဇော်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ အောင်ဟိန်း၊ မဂ်လာဒုံမြို့နယ်နေ ငြိမ်းဝင်းအောင်နှင့် ကျော်ဝင်းစိုး၊ လှိုင်မြို့နယ်နေ မြသီတာ၊ ကြည့်မြင်တိုင်မြို့နယ်နေ သက်နိုင်ထူး၊ ဆိပ်ကြီးခနောင်တို တိုက်နယ်နေ ညွန့်ရီ၊ ပုသိမ်မြို့နေ ကြူကြူဝင်း၊ ဒေးဒရဲမြို့နေ သိန်းဇင်ထိုက်နှင့် ကြည်ကြည်စန်း၊ မအူပင်မြို့နေ အောင်ဇော်ထွေး၊ ကျောင်းကုန်းမြို့နေ အေးအေးသင်း စုစုပေါင်းတရားခံ ၂၁ ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့သည်။

အဆိုပါ NUG အကြမ်းဖက်အဖွဲ့၏ တရားမဝင် PRF Website (https://form. prfhq.modnug.org) သို့ ငွေကြေးထောက်ပံ့မှုပြုလုပ်သူ ဖမ်းဆီးရမိတရားခံများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး PRF Website နှင့်ဆက်စပ်ပြီး ကျန်ရှိသည့်တရားခံများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖော်ထုတ်ဖမ်းဆီးရရှိသည့် WavePay အကောင့်များအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပိတ်သိမ်း၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း CRPH၊ NUG အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ထောက်ခံမှု၊ ကူညီအားပေးမှု၊ ငွေကြေးထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ အဆိုပါအားပေးထောက်ခံမှု ပြုနေသူများ၏ သတင်းကို သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ တိုင်ကြားနိုင်ပြီး သတင်းပေးပို့ လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။


ထက်သူအောင်
မိုးညှင်းမြို့။


မေရီဆန်စင်
လားရှိုးမြို့။


ရန်နိုင်အောင်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။


မျိုးဇော်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။


မျိုးမြမြတ်ထွန်းကြည်
ရွှေညောင်မြို့။


လှိုင်ဖုန်း
ပုသိမ်ကြီးမြို့နယ်။


အောင်ဟိန်း
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။


ငြိမ်းဝင်းအောင်
မင်္ဂလာဒုံမြို့နယ်။


ကြူကြူဝင်း
ပုသိမ်မြို့။


စန်းယုအောင်
ပြင်ဦးလွင်မြို့။


သဲအိခိုင်
ပျဉ်းမနားမြို့နယ်။


ကျော်ဝင်းစိုး
မင်္ဂလာဒုံမြို့နယ်။


မြသီတာ
လှိုင်မြို့နယ်။


သိန်းဇင်ထိုက်
ဒေးဒရဲမြို့။


အောင်ဇော်ထွေး
မအူပင်မြို့။


သီဟ
ဇမ္ဗူသီရိမြို့နယ်။


ဇော်ကိုလတ်
လှည်းကူးမြို့။


သက်နိုင်ထူး
ကြည့်မြင်တိုင်မြို့နယ်။


ညွန့်ရီ
ဆိပ်ကြီးခနောင်တိုတိုက်နယ်။


ကြည်ကြည်စန်း
ဒေးဒရဲမြို့နယ်။


အေးအေးသင်း
ကျောင်းကုန်းမြို့။

# အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါအကြောင်းသိကောင်းစရာ ပညာပေးဟောပြော



ဟားခါး စက်တင်ဘာ ၂၈

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် "ခွေးရူးရောဂါအကြောင်းသိကောင်းစရာ" ပညာပေးဟောပြောခြင်းနှင့် ခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲအပြင် ခွေးနှင့် ကြောင်များကိုလည်း ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့၏ "လက်တွဲညီညီပူးပေါင်းလို့ ခွေးရူးရောဂါတိုက်ဖျက်စို့" ဆောင်ပုဒ်အတိုင်း ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာသိန်းလွင်က ခွေးရူးရောဂါအကြောင်း သိကောင်းစရာ ခေါင်းစဉ်နှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများအကြောင်း သိကောင်းစရာ ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးနေမှုနှင့် ကျောင်းသားကျောင်းသူများကို အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၈

ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိကြောင်း၊ ၂၀၃၀ ပြည့်နှစ်၌ ခွေးရူးရောဂါကို ကမ္ဘာမြေပေါ်မှ အပြီးတိုင်ဖယ်ရှားရေး ရည်မှန်းချက်ရရှိရန် အစိုးရများက ဦးဆောင်၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day" အခမ်းအနားမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသည့် ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော‌ဧည့်သည်တော်များ၊ အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများသည် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ခွေးရူးရောဂါကာကွယ်ဆေးကို ပထမဆုံးရှာဖွေဖော်ထုတ်ခဲ့သော သိပ္ပံပညာရှင် လူးဝစ်ပါချာ (Louis Pasteur) ကွယ်လွန်သည့်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက သတ်မှတ်၍ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို အခမ်းအနားများ ကျင်းပဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါကြောင့် ပြည်သူများ ဆုံးရှုံးပျက်စီးမှု လျော့ပါးစေရန်နှင့် ရောဂါကာကွယ်မှု လုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ခွေးရူးရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲများ၊ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းများကို တစ်ပြိုင်နက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်၌ ခွေးရူးရောဂါဆိုင်ရာအသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၈

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ခွေးရူးရောဂါဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အထက(ထန်းတပင်)၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က ကျောင်းသားကျောင်းသူများအား ခွေးရူးရောဂါဆိုင်ရာအသိပညာများကို ဟောပြောကြပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကာ ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးများကို မြို့နယ်အတွင်း အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

■



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၈ ရက်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး (ယာယီမြို့နယ်ရုံး)၌ မြို့နယ်အတွင်းရှိ အိမ်မွေးခွေးနှင့် ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံး၌ ခွေးနှင့် ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးစဉ်။ မင်းလွင်ဦး(တန့်ယန်း)



မွန်ပြည်နယ် ပေါင်မြို့နယ်၌ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၈ ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူများ မွေးမြူထားသည့် အိမ်မွေးခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးစဉ်။ မွန်မလေး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၈ ရက်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်၍ ဝန်ထမ်းများက ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ကြီးမှူး၍ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အဖြစ် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပစဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)

## လှိုင်ကော်မြို့၌ လူငယ်စင်တာ RC သုံးထပ် အဆောက်အအုံ တည်ဆောက်လျက်ရှိ



**လှိုင်ကော် စက်တင်ဘာ ၂၈**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် လူငယ်စင်တာ RC သုံးထပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် လုပ်ငန်းများအရည်အသွေးပြည့်မီရေး အလေးထား ဆောင်ရွက်ရန်၊ လိုအပ်သည့် ပရိဘောဂများ ဖြည့်တင်းနိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ လှိုင်ကော်မြို့တွင်း လမ်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဒေါ်ဥခူရပ်ကွက် အမှတ်(၄) လမ်းပေါ်တွင် အရှည် ၄၄၅ မီတာ အကျယ် သုည ဒသမ ၇၆ မီတာ တစ်ဖက်အား ကျောက်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွား (သစ်လွင်) သင်တန်းဖွင့်လှစ်

**ရေကြည် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အဆင့် အရန်သားဖွား (သစ်လွင်) သင်တန်းဖွင့်ပွဲကို မြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရေကြည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၄၉ ဦး တက်ရောက်ပြီး စာတွေ့၊ လက်တွေ့ ခြောက်လကြာ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နေကြာသီးနှံမျိုးစေ့ထုတ် နည်းပညာပေးသင်တန်းဖွင့်

**ကလော စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမျိုးသန့်ခြံတွင် စိုက်ပျိုးရေးဦးစီးဌာန (နေပြည်တော်) မျိုးစေ့ဌာနခွဲ (ရုံးချုပ်)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နေကြာသီးနှံမျိုးစေ့ထုတ် နည်းပညာပေး သင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းဖွင့်လှစ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စီမံ၊စီမံကိန်း၊ငွေစာရင်း)က အမှာစကား ပြောကြားသည်။



**ရှင်းလင်းပြောကြား**

ဆက်လက်၍ ရှမ်းပြည်နယ် ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၅၀ တို့အား In Person စနစ်ဖြင့် စာတွေ့ ၃၅ ရာခိုင်နှုန်း၊ လက်တွေ့ ၆၅ ရာခိုင်နှုန်းဖြင့် သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## စားအုန်းဆီ၊ ဆန်နှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ကြံခင်း စက်တင်ဘာ ၂၈**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာ ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား စားအုန်းဆီ၊ ဆန်နှင့် ကြက်ဥများကို အဆိုပါဘဏ်ရှေ့တွင် ယနေ့နံနက်ပိုင်းက သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသည်။



ထိုသို့ ရောင်းချပေးနေမှုကို မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ၊ ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

ထိုသို့ ရောင်းချရာတွင် စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၇၈၄၈ ကျပ်၊ ပေါ်ဆန်း ဆန်တစ်ပြည် ငွေကျပ် ၃၅၀၀ နှင့် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်း တို့ဖြင့် တစ်ဦးလျှင် ဆီ ၅၀ ကျပ်သား၊ ဆန်တစ်ပြည်၊ ကြက်ဥငါးလုံးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဆန်နှစ်အိတ်၊ စားအုန်းဆီ ပိဿာ ၁၁၀၊ ကြက်ဥအလုံး ၅၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## ရေးမြို့နယ်အတွင်း ချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ရေး စက်တင်ဘာ ၂၈**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးရွာသွန်းမှုများပါက ရပ်ကွက်များအလိုက် ရေကြီး၊ ရေလျှံမှုမှ ကာကွယ်နိုင်ရန်အတွက် ချောင်းများ၊ရေမြောင်းများအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ပေးမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ထွန်းထွန်းဝင်း၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးနှင့် တာဝန်ရှိသူများသည် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက စုပေါင်းအားဖြင့် ရပ်ကွက်အလိုက် ချောင်းများ၊ ရေမြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးနစ်မြုပ်မှုကြောင့် ရေမြောင်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းတို့ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

■

## မှော်ဘီမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**မှော်ဘီ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများ၊ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥပဒေအကြောင်းအရာများကို ပြည်သူများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းနည်းပြဆရာများအဖြစ် မြို့နယ်ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလေးဦးတို့က သိရှိရန်လိုအပ်သော ဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## ခရမ်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွား သင်တန်းဖွင့်လှစ်

**ခရမ်း စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြုဟ္မစိုရ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေရုံး ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သင်တန်းဆရာအဖြစ် တာဝန်ပေးအပ်ထားသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တာဝန်ကျဘာသာရပ်အလိုက် ဆက်လက်သင်ကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်နှင်းဝေ(ပြန်/ဆက်)**

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဆရာကြီးဦးတင်အေး၏ ကချင်အမှတ်တံဆိပ် သွေးတိုးကျလေနှင်ဆေး (ဆေးလုံး+ဆေးမှုန့်/ဆေးဘူး)သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ရရှိခဲ့သော်လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊ လေးပါး ရာဇာ အမှတ်တံဆိပ် သွေးတိုးပျောက်ဆေးကြီး (ဆေးပြား/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိခဲ့သော်လည်း သက်တမ်းတိုး လျှောက်ထားမှုမရှိခြင်း၊ သက်တမ်းကုန်ဆုံးခြင်း၊ ရှင်းအမှတ်တံဆိပ် သွေးတိုးကျဆေး (ဆေးပြား/ ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှု မရှိခြင်းနှင့် ရွှေမင်းသားအမှတ်တံဆိပ် အားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်မရှိခြင်း၊ အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်– TMR နံပါတ်အားထည့်သွင်းအသုံးပြုထားခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဆရာကြီး ဦးတင်အေး၏ကချင် | သွေးတိုးကျ လေနှင်ဆေး | ဆေးလုံး+ဆေးမှုန့် (ဘူး) | 0203Y4439 | အမှတ် ၄၉၊ ကျန်စစ်လမ်း၊ သုံးခွမြို့။ တိုက် ၁၀၇၊ အခန်း ၇၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့။ |
| ၂။ | လေးပါး ရာဇာ | သွေးတိုးပျောက် ဆေးကြီး | ဆေးပြား (ထုပ်) | 0401Y1530 | ဒေါ်ခင်ကြည်မိသားစု၊ အမှတ်၅၊ လှိုင်မြစ်လမ်းသွယ်–၁လမ်း၊ အမှတ် ၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | ရှင်း | သွေးတိုးကျဆေး | ဆေးပြား(ထုပ်) | ဖော်ပြထားခြင်းမရှိပါ | ဖော်ပြထားခြင်းမရှိပါ။ |
| ၄။ | ရွှေမင်းသား | အားတိုးဆေးမှုန့် | ဆေးမှုန့် (ထုပ်) | TMR–014129 (0527) | အောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စံပယ် ၁၀လမ်း၊ ၄ ရပ်ကွက်၊ ဓမ္မာရုံ မှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |






တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အုတ်ဖိုမြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်

**အုတ်ဖို စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ခြင်းကိုစက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေခြင်းကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အောင်သူ(အုတ်ဖို)**

# ခရမ်းမြို့နယ်၌ ခွေးရူးရောဂါဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ခရမ်း စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် အကြိမ်(၂၀) မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ခရမ်းမြို့ ခမတ်ကျေးရွာရှိ အောင်သာသီရိကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ခွေးရူးပြန်ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်နှင့် ခွေးရူးပြန်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မှုများကို အသိပေးရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဝန်ထမ်းများက ကျေးရွာအတွင်းရှိ ခွေး/ ကြောင်များအား ခွေးရူးကာကွယ်ဆေးများကို အခမဲ့ထိုးနှံခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများဖော်ပြ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို(၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

( ခ ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

( ဂ ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

( င ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

( စ ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

( ဇ ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

( ဈ ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

( ဋ ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

( ဌ ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

( ဍ ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

( ဎ ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

# ဇမ္ဗူသီရိမြို့နယ်၌ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် အလှူငွေများ၊ စားသောက်ကုန်များနှင့် နေ့လယ်စာ ကျွေးမွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ကလေးပြုစုရေးဌာန၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် အလှူငွေများ၊ အာဟာရမုန့်များနှင့် နေ့လယ်စာ ကျွေးမွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သက်ကြီးရွယ်အိုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအတွက် ဆန်၊ ဆီ၊ အာဟာရမုန့်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ကလေးသူငယ်များအတွက် အာဟာရမုန့်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုးထွန်း(ပြန်/ဆက်)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"အောက်တန်းကျ ရက်စက်ယုတ်မာတဲ့ နည်းလမ်းမျိုးစုံနဲ့ နိုင်ငံဖျက်ဆီး ပြည်သူကိုသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတွင်း ပညာတတ်လူငယ် ပေါ်ထွန်းလာမှုကို မလိုလား၍ ပညာရေးဝန်ထမ်းများနှင့် အနာဂတ်ကြယ်ပွင့် ကျောင်းသား ကျောင်းသူများကို အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်ငူ စက်တင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)၊ တောင်ငူခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာဝန်ရှိသူများသည် ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အုန်းပင်ရွာအဝင်လမ်း



ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများ အဆိုပါလမ်းအား ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တောင်ငူမြို့၌ ရေကြီးရေလျှံမှုကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိ



တောင်ငူ စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေးအတွက် မြို့၏ပင်မရေနုတ်မြောင်းဖြစ်သည့် (၁၁)ရပ်ကွက် ကန်တော်လမ်းရှိ ရေနုတ်မြောင်းအား ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘက်ဟိုးယာဉ်ဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက လုပ်ငန်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးခြင်းနှင့် ခွေးရူးရောဂါ ကာကွယ်ဆေးများထိုးနှံခြင်းကို စက်တင်ဘာ ၂၈ ရက်တွင် အမှတ်(၁) ရပ်ကွက် ဇိနမာန်အောင်ဘုန်းတော်ကြီးကျောင်းတိုက်၌ ထိုးနှံပေးစဉ်။**

မိုင်းရယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့၌ ခွဲ၍ ကျင်းပသည်။



တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ အားကစားကွင်းများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အကြီးအကဲများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် မိဘပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ" အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပြီးဆုံးချိန်အထိ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြစ်နေ၍ အချိန်ပိုကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ဂိုးရရှိအောင် ထပ်မံသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပင်နယ်တီဂိုးရလဒ် အဆုံးအဖြတ်အရ ဧရာဝတီတိုင်းဒေသကြီးအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့် လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ တိုင်းဒေသကြီးနှင့်ပြည်နယ် U-19(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ မွန်းလွဲ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် အဆိုပါဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ❀ ရွှေတံဆိပ်မှ

မြန်မာကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အနေဖြင့် Bodybuilding up to 65 kg ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ အားကစားသမား ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှအားကစားသမား ဟိန်းဇော်လင်းက မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့အတူ Men's Sports Physique up to 170 cm ပြိုင်ပွဲတွင် အာဖဂန်နစ္စတန်၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ လာအိုနှင့် မော်လ်ဒိုက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ အားကစားသမား နေမျိုးထွဋ်က ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အလားတူ Men's Bodybuilding up to 60 kg ပြိုင်ပွဲတွင် အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဟောင်ကောင်(တရုတ်)တို့မှ အားကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ အားကစားသမား အောင်ထွဋ်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Women's Wellness Physique ပြိုင်ပွဲ၌ မွန်ဂိုလီးယား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်(တရုတ်)၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ အားကစားသမား ကိုးဦး ယှဉ်ပြိုင်ခဲ့ရာ မိုးသက်ခိုင်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာအသင်းမှ အားကစားသမား ဟိန်းဇော်လင်းက ကာယဗလမောင် ၆၅ ကီလိုတန်း ပြိုင်ပွဲတွင် အကောင်းဆုံးကိုယ်ဟန်ပြဆု(Best Poser 2026 Asia) ကိုလည်းကောင်း ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အဆိုပါ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား ချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးချိုထွန်းအောင် ဦးဆောင်၍ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင်အားကစားသမား ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အောင်ပွဲရ မြန်မာ့လက်ရွေးစင်ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငြေး၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးမျိုးမြင့်အောင်၊ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားသင်တန်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ❊ ပေါ်တူဂီအသင်းမှ

နော်ဝေအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၁ မိနစ်မှာ ဟာလန်းရဲ့ သွင်းဂိုးကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်မှာ ကွန်ဂါလိုရာမို့စ်ရဲ့ သွင်းဂိုးထပ်မံရရှိခဲ့လို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းအနေနဲ့ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၂၂ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေပြီး နော်ဝေအသင်းနဲ့အတူ နိုင်ငံတကာသွင်းဂိုး ၆၅ ဂိုးအထိရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ နော်ဝေအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေနေးရှင်းလိဂ် နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့လို့ ရမှတ်ခြောက်မှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပြီး နော်ဝေအသင်းက ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**


**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင် (၁)လမ်း၊ အမှတ်(၄၀၁) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ထပ်ခွဲလုံးချင်းတိုက်၏ အပေါ်ဆုံးထပ် ဒါဘာခန်း၊ အကျယ်အဝန်း (၁၈ပေ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာနှင့် အဲယားကွန်း(၁)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သူ ဦးသိန်းရွှေ[၁၂/ကမရ(နိုင်)၀၂၇၇၁၅]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးအောင်[၁၂/အစန(နိုင်) ၁၆၉၆၄၄]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၃၅)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၉၈၂၃၄၈၁**

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

**ရွှေမိုးငွေမိုးအိမ်ခြံမြေ**
**ရောင်းဝယ်ရေး**
**အုံလေးမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-763841094**

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးကျော်ဇေ၏ သား ကျွန်တော် ဦးကျော်ဇေယျ [၁၄/ဝခမ(နိုင်)၁၄၇၃၉၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)နှင့် သင်္ဘောသားစာအုပ် CDC -114063၊ ALL IN ONE တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်းနံပါတ်- 09-424446764**

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးညဏ်ဝင်း၏ သား ကျွန်တော် ဦးတောက်ထွန်းလူ [၁၂/ဒဂဆ (နိုင်) ၀၁၅၃၄၈] ၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-395483)မှာ အိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း- 09-97457711**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"**

"ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉) ရပ်ကွက်၊ (၄၈) လမ်း (အလယ်)၊ အမှတ် (၇၈)၊ အခန်းအမှတ် (၄၀၄)၊ တိုက်ကို မျက်နှာမူလျှင် လက်ဝဲဘက်အခန်း၊ (၄) လွှာဟု ခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၄၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ် တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ (၁) လုံး၊ ရေမော်တာ (၁) လုံး၊ Aircon (၁)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ခိုင်ဇာမြင့် [၁၂/သကတ (နိုင်) ၀၀၂၉၆၄] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် (၂၇-၉-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်" ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချိုဇင် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၂၈၃၆/၂၀၂၀)**
**အမှတ် - ၈၃၊ အခန်း - ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၉၇၈၈၆၆၇၄၆**

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်(န-၈)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၃x၆၄ကြား၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကျော်နိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၅၂/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဝဏ္ဏအောင် [၉/အမဇ(ပြု)၀၀၀၁၆၂]က အမှုတွဲအမှတ်(၂၆၄၀/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရောင်းချရန်ကြော်ငြာစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏**
**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉နှင့်ဆက်နွယ်သည့်**
**သန်လျင်ခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၇**

ဒေါ်မိုးသူဇာ နှင့် ၁။ ဦးသက်ပိုင်ဦး
၂။ ဒေါ်လွဲ့လွဲ့မူ
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၉/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ (၅)ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်း တည်ရှိရာအရပ်ဖြစ်သော သီလဝါနယ်မြေ ရဲစခန်း၊ ဒဂုံ- သီလဝါ(၆)လမ်းသွားလမ်းမကြီး (အောင်သပြေလမ်းဆုံအနီး)၊ မြိုင်သာယာ(၃)ရပ်ကွက်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၈။ ဤခရိုင်တရားရုံးတော်တွင် လေလံတင်ရောင်းချမည့် ယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းအထောက်အထားများကို သိမ်းဆည်းထားခြင်း မရှိပါ။

၉။ လေလံတင် ရောင်းချမည့်ကြမ်းခင်းဈေးမှာ ငွေကျပ်သိန်းတစ်ထောင့်ရှစ်ရာ (ကျပ် ၁၈၀,၀၀၀,၀၀၀) ဖြစ်ပါသည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

MITSUBISHI FUSO TRACTOR HEAD (GREEN / WHITE) အမျိုးအစား ယာဉ်အမှတ် 9P / 5757 နှင့် ATS / Senitrailer ( Oil Bowcer ) အမျိုးအစား ယာဉ်အမှတ် 1 TLR – 9561 ။

၂၀၂၆ခုနှစ်၊ စက်တင်ဘာ လ (၂၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(လှိုင်လှိုင်ဝေ)**
**ခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မောက်တင်ကျေးရွာအုပ်စု၊ ပုဏ္ဏားကျေးရွာနေ ဦးဝင်းအောင်၏သမီး မမိုးမိုးအေး [၈/အလန(နိုင်)၁၇၄၃၂၁]၏ နိုင်ငံကူးလက်မှတ် အမှတ် (MJ-213800)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉-၉၅၀၁၆၄၁၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ဘ၀မြင့်ရပ်ကွက်၊ တိုက်အမှတ် (၂၁)၊ အခန်းအမှတ် (၂၄)၊ ၃-လွှာ(အနောက်ခန်း)၊ (၃၀' x ၃၀')အကျယ်ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် ဒေါ်လှစိန် [၁၂/ဗတထ(နိုင်)၀၂၁၀၃၄]အား (၁၅-၁၂-၂၀၀၄) ရက်စွဲဖြင့် အမည်ပေါက်ရရှိထားသူထံမှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိကြောင်း၊ အရှုပ်အရှင်းများကင်းရှင်းကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း မြွက်ဟထုတ်ဖော်ဝန်ခံကတိပြုသူ ဒေါ်ခင်ဦးဖံ [၁၂/မရက(နိုင်)၀၁၀၈၀၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း/စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကလျာမိမိလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခိုင်ဇင် ( LL.B, D.B.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၄)**
**တိုက်အမှတ် (၁၈)၊ အခန်းအမှတ် (၂၃)၊ မလိခအိမ်ရာ၊ ဘ၀မြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၇၂၃၅၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)၊ ဦးထွန်းလှလမ်း၊ မြေကွက်အမှတ်(၆၃၄)၊ အကျယ်အဝန်း (အလျား ၄၀'xအနံ၆၀') ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေယာဌာနတွင် ဦးလှစိန်(ခ)လှမင်း အမည်ဖြင့်မှတ်သားတည်ရှိပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးလှစိန်(ခ)လှမင်း [၁၄/ဟသတ(နိုင်)၀၀၄၆၃၂] (ဘ) ဦးလှဆိုင် အမည်ပေါက်ချထားပေးသော (ပါမစ်)မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အကျယ်အဝန်း(အလျား၄၀'x အနံ၆၀')အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (အလျား၂၅' x အနံ၆၀') ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်းလှိုင် [၁၂/သကတ(နိုင်)၁၅၀၃၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အပြီးအပိုင် လွှဲပြောင်း ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းယုရွှေ(LL.B,D.B.L)** | **ဒေါ်ကေသွယ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၀၆၉)** |

**အမှတ်-၂၀၄၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၅-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)၊ ကော်လံ(၂)တွင်ပါရှိသော သာကေတမြို့နယ်တရားရုံးတော်၊ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁၊ တရားလို ဦးစောလှိုင်နှင့် တရားပြိုင် ဒေါ်နုရင်အမှုမှ ငြင်းချက်ထုတ်ရန်ဆင့်စာကြော်ငြာတွင် တရားသူကြီးကိုယ်ပိုင်တံဆိပ်တုံးနေရာ၌ **"ပုံxxx၊ (မြရွှေဇင်)၊ တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ သာကေတမြို့နယ်တရားရုံး"**ဟု မှားယွင်းစွာပါရှိသွားခဲ့ပါသည်။ အဆိုပါနေရာတွင် **"(မြရွှေဇင်)၊ တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ သာကေတမြို့နယ်တရားရုံး"** ဟု အမှန်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lotus Garden Drive လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၉၃/၅)၊ အမှတ်(၂၅၉)တွင် (၃)ထပ်တိုက် (Hip Roof)(မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအထောက်အထားအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်နော်မီနီး(စ်)လီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သောပန်းလှိုင်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် Yoma Development Group Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၈၁၂၁၃၄၆၉)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်ထွေး (၁၂/ကတတ(နိုင်)၀၂၅၉၄၈)မှ BP1-16539 ဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၄)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၀x၅၁ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိတောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးကြီးငွေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၀၉၇/၂၀၁၄) ဖြင့်ဇနီး ဒေါ်ညွန့်ရီက ပိုင်ဆိုင်ခဲ့ပြီး မိခင်ဒေါ်ညွန့်ရီ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်သင်းသင်း [၉/မနတ(နိုင်)၀၀၃၃၉၂]၊ ဒေါ်မျိုးမမျိုး [၉/မနတ(နိုင်)၀၀၈၁၁၈]၊ ဒေါ်နွဲ့နွဲ့ဝင်း[၉/မနတနိုင်)၁၀၀၈၈၃]၊ ဒေါ်မြသန္တာ[၉/မနတနိုင်)၁၀၀၈၈၂]၊ ဒေါ်ခင်ချိုချိုချစ် [၉/အမဇ( နိုင်)၀၁၄၅၈၇]၊ ဦးအောင်ဗိုလ်ဗိုလ် [၉/အမဇ(နိုင်)၀၃၄၄၁၇] တို့က ၂၄၀ဝိ/၊ ၄၀ဝဝိ/၊ ငွေသွင်းပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မြင့်+ ဒေါ်ထက်ထက်ရီတို့မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းအုပ်စု၊ မြောက်ချောကုန်းကျေးရွာရှိ ဦးတင်လှ[၉/မခန(နိုင်)၁၈၅၀၆၃] တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသော အလျား(၂၀၀)ပေxအနံ(၁၀၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်(၁)လုံးအား ရောင်းချလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူလိုပါသောကြောင့် အိမ်နှင့်ခြံတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၂၈)**
**ဆည်မြောင်းဝင်း၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့။ ၀၉-၄၂၁၁၃၆၇၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅၊ ပန်းခြံ(၁၄)၊ ဗိုလ်တိုက်ချွန်းလမ်း၊ မြေကွက်အမှတ်-၇၉၆/က၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ဦးဘိုလေး[၁၂/ဥကမ(နိုင်)၀၉၀၀၀၆] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ- ဒေါ်ဇာနည်လင်း (ဘ) ဦးဝင်းရီ[၁၂/ရပသ(နိုင်)၀၈၈၄၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ-ဦးနိုင်ထွန်း(ဘ)ဦးတင်ရွှေ[၈/နမန(နိုင်)၀၉၇၇၆၇]က အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူသည့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်သည်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၄၇)**
**အမှတ်-၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၂၄၉၄၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၇)၊ ဦးပိုင်အမှတ်(ယခင် ၃၅-ခ၊ ယခု ၄၉ ခဲစင်းတောင်ဘက်ခြမ်း)၊ ၆၃-A လမ်း၊ ၂၈ x ၂၉ လမ်းကြားရှိ ခွဲကျန် ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၀၄၁/၂၀၁၈)ဖြင့် ဒေါ်ရွှေ(ခ)ဒေါ်ခင်ရွှေပါ ၆-ဦးက အမွေဆက်ခံခဲ့ပြီး ဒေါ်ရွှေ(ခ)ခင်ရွှေထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၀၄၂/၂၀၁၈)ဖြင့် ပိုင်ဆိုင်ခဲ့ကြသည့် ဦးသန်းညွန့် [၉/မရမ(နိုင်)၀၄၅၄၁၇]၊ ဒေါ်စန်းစန်းဝင်း [၉/မရမ(နိုင်)၀၅၄၀၅၀]၊ ဒေါ်ညွန့်ညွန့်ဝင်း[၉/မရမ(နိုင်)၀၅၄၀၅၉]၊ ဦးသိန်းလွင်[၉/မရမ(နိုင်)၀၅၄၀၆၁]၊ ဒေါ်ခိုင်မြနွယ် [၉/ခအဇ(နိုင်)၀၀၆၄၉၇]တို့က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၄)၊ ဦးပိုင်အမှတ်(၂၅)၊ သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း၊ ၂၆x၂၈ လမ်းကြားရှိ ဦးဘမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်(၁၁/၂၀၁၉)အရ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းအား တရားမကျင့်ထုံးဥပဒေအမိန့်-၃၄၊ နည်းဥပဒေ-၃ အရ ရောင်းချပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ရရှိခဲ့သော ရောဝတီဘဏ်၏ ကိုယ်စား (အကြီးတန်းမန်နေဂျာ၊ မန္တလေးရုံးချုပ်) ဒေါ်စန်းစန်းစိန် [၉/မနတ(နိုင်)၀၇၉၉၁၉]က တရားရုံးအမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၁-က)၊ ၃၆x၃၇ ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမင်းစိုး [၉/မဟမ(နိုင်)၀၀၉၀၀၅]က အမှုတွဲအမှတ် (၂၆၃၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၈)၊ ဦးပိုင်အမှတ်(၂၂-က)၊ ၃၀x၃၁ကြား၊ ၈၄x၈၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးလှမြင့်၊ ဒေါ်စိန်စိန်တို့ (၂)ဦးအနက် ဦးလှမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၁၅/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စိန် (ခ) စိန်စိန် [၉/မရမ(နိုင်)၀၁၁၁၅၇]က အမှုတွဲအမှတ် (၀၁၆၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက (ခွဲ) ဒန့်ဒလွန်မှ Grade(12) ၌ ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၀၁၅၄) မောင်ကောင်းမြတ်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်တင်ထွေး [၇/ပတန(နိုင်)၀၈၈၈၆၁] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ သမလမ်း၊ UMT ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း၊ (G-12) တွင် ပညာသင်ကြားနေသော မောင်ကောင်းဆက်အောင် [၁၂/လကန(နိုင်)၃၂၁၉၃၅]၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသိန်းထိုက်ထွန်း [၁၂/လကန(နိုင်)၁၇၀၃၄၅] ဖြစ်ပါကြောင်း။

**ဦးစိုင်းသိန်းထိုက်ထွန်း**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မိယဉ်ယဉ်ကျဲ၏ ဖခင်အမည်မှန်မှာ ဦးမင်းမောင်ခိုင် [၃/ကကရ(နိုင်)၀၈၄၇၄၁] ဖြစ်ပါသည်။

**ဦးမင်းမောင်ခိုင်**

## မိဘအမည်မှန်

သန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာနေ မအေးချမ်းမိုး၏ မိဘအမည်မှန်မှာ ဦးအောင်ဌေးလွင် [၁၂/သလန(နိုင်)၀၈၁၁၇၆] နှင့် ဒေါ်ခင်မာမိုး [၁၂/သလန(နိုင်)၁၁၃၄၄၃] ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမျိုးချစ်၏ သား ဦးသန့်ဇော်ဦး [၁၂/ဆကခ(နိုင်)၀၁၁၀၈၁]၏ ဒုတိယတန်းစက်ခန်းအုပ် လက်မှတ်အမှတ်-စမဒ-၃/၂၀၀၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-428622428**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀-စီရွာမ)၊ မြေကွက်အမှတ် (၃/၁၃)အား ဦးအေးမြင့်ကြူ [၉/တကန(နိုင်)၀၁၂၆၅၄]အမည်ဖြင့် မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား (မူရင်း)များ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေရပ်ကွက်အမှတ်-(သမိုင်း)၊ မြေကွက်အမှတ်(၁၉က $\frac{၁}{၁-B}$)၊ မြေဧရိယာ-(၀.၁၇၈)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေ B (လယ်ယာမြေစိုက်ပျိုးမြေမှအပ အခြားကိစ္စအသုံးပြုရန်) အမျိုးအစားမြေကွက်၏ မြေအကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၅/၉၆၊ ရန်ကုန်-အင်းစိန်လမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC (၂)ထပ်တိုက်အဆောက်အဦအဟောင်းတစ်လုံး၏ (အပျောက်စနစ်ဖြင့်ရောင်းချထားသော အခန်း(၁၃)ခန်း၏ အကျိုးခံစားခွင့်မပါ) ကျန်အခန်းလွတ်(၁)ခန်းအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် မြေအမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော (၁) ဒေါ်အေးအေးဟန် (ဘ) ဦးချစ်ဟန်[၁၂/မရက(နိုင်)၁၁၈၁၇၅]၊ (၂) ဒေါ်ရတနာစမ်းရေစိုး (ဘ) ဦးကြည်စိုး [၁၂/မရက(နိုင်)၁၄၅၀၃၂] (ဖခင်)ဦးဆိုင်းမွန်(ခ)ဦးနိုင်ဇာထွန်းတို့၏ သမီးများဖြစ်ကြသော (၃)ဒေါ်ခင်သီတာမွန် [၁၂/မရက (နိုင်) ၀၁၄၀၂၅]၊ (၄)ဒေါ်စန်းသွင်နိုင် [၁၂/မရက(နိုင်)၁၀၉၈၀၇]၊ (၅) ဒေါ်အောင်မေစီ [၁၂/မရက(နိုင်)၁၁၂၇၁၆]နှင့် မြေးများဖြစ်ကြသော (၆)ဒေါ်မေမီကို[၁၂/သဃက(နိုင်) ၁၆၅၂၂၉]၊ (၇) ဦးမျိုးမင်းကို [၁၂/သဃက(နိုင်)၁၆၅၂၃၀]တို့ (၇)ဦးထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျ(၉)လမ်း၊ အမှတ်(၃၈၀/ခ) ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ)၊ အကျယ်အဝန်း(၁၇x ၅၄)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းညိမ်း[၁၄/ဟသတ(နိုင်)၀၁၀၇၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဒေါ်နန်းယဉ်မေအောင်[၁၃/မဆတ(နိုင်)၀၅၂၀၀၀]၊ ဒေါ်နန်းမောက်ဟွမ်ခေး[၁၃/မဆတ(နိုင်)၀၆၀၉၉၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်အမှတ်(၄-က)၊ ၆၀-Cx၆၁ လမ်းကြား၊ ၁၂၇x၁၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့် [၉/မနမ(နိုင်)၀၁၆၅၉၅]၊ ဦးဌေးမြင့် [၉/မနမ(နိုင်)၀၁၆၆၈၂] တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၀၅/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်နိုင်(ခ)ကြိုတုံဟိုက် [၁၃/မကန(နိုင်)၀၀၁၇၂၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၈)၊ ဦးပိုင်အမှတ်(၁၆ ခဲစင်းအရှေ့ခြမ်း၊ အနောက်ခြမ်း)၊ ၅၂x၅၃ ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်မြင့် [၉/မနမ(နိုင်)၀၈၈၃၁၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၆၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီတာလွင် [၉/ခမစ(နိုင်)၀၅၆၂၁၆]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ခေါင်ရမ်းလမ်း၊ အမှတ်(၆)၊ အခန်းအမှတ်(၂-လွှာ/ဘီ)၊ တိုက်ခန်းအကျယ် (အလျား ၁၅ပေ x အနံ ၆၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းချမ်းရွှတ် [၃/ကကရ(နိုင်)၀၇၇၂၁၈]နှင့် ဒေါ်လင်းလင်းသန်း[၁၀/ရမန(နိုင်)၀၈၄၇၈၉]တို့ကိုယ်စား လက်မှတ်ရေးထိုးထားသူ ဒေါ်ဝင်းဝင်းသန်း [၁၀/ရမန(နိုင်)၀၀၀၆၀၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သဉ္ဇာအောင် [၁၂/ဗတထ(နိုင်)၀၃၇၂၀၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်း၊ ဆက်စပ်စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းကို ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရွှေရည်ဝင်း (LLB) (စဉ်-၄၇၉၂၉)** | **ဒေါ်သန်းသန်းစိန် (LLB) (LLM) (စဉ်-၇၈၀၀)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ရုံးခန်း၊ အမှတ် (၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉- ၅၄၀၆၄၀၆၊ ၀၉- ၂၅၄၉၅၁၁၇၇၊ ၀၉- ၇၉၅၄၂၀၇၉၉**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✛

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံ ဆက်ကြေးပေးဆောင်၍ တရားမဝင်တူးဖော်နေသည့် လက်လုပ်ရေနံတွင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၂၈

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✧



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာအနီး တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများကို ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



## ရွှေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့အား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၅၈) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ (58th ASIAN BODYBUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2026)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❀

## ပေါ်တူဂီအသင်းက နော်ဝေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နိုင်ပွဲဆက်





နော်ဝေအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နော်ဝေအသင်းနဲ့ ပေါ်တူဂီအသင်းတို့ စက်တင်ဘာ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်မှာ ပေါ်တူဂီအသင်းက နော်ဝေအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပေါ်တူဂီအသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ရရှိခဲ့တဲ့ ဂျာအိုဖီးလစ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳

### ယနေ့ဖတ်စရာ


မြိုင်မြို့နယ် လက်ပံတို-ကျောက်ခွက် ရေနံမြေနယ်မြေ တဲကြီးကျေးရွာအနီး ဝန်းကျင်ရှိ တရားမဝင် ရေနံတူးဖော်လုပ်ကိုင်နေသည့် ရေနံတွင်းများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်း စာမျက်နှာ » ၁၄

မုံရွာ- မန္တလေးပြေးဆွဲနေသော ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ရဟန်းသံဃာတော်နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ စာမျက်နှာ » ၁၅